မ္မပါလစာစဉ်-၆၂

# မာတာပိတုဂုဏော အနန္တော

အဂ္ဂမဟာပဏ္ဍိတ

## အရှင်ကုမာရ


ဒုတိယပါမောက္ခချုပ်(စီမံ)
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)နှင့်
ပဓာနနာယကဆရာတော်
မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။



၃
ရ

သာသနာ - ၂၅၅၆
ကောဇာ - ၁၃၇၄
ခရစ် - ၂၀၁၂

# အဂ္ဂမဟာပဏ္ဍိတ အရှင်ကုမာရ



သို့

ဘဒ္ဒန္တကုမာရ
အဂ္ဂမဟာပဏ္ဍိတ
ဒုတိယပါဠိပါမောက္ခချုပ် (ငြိမ်း)
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)

မှ

အမှတ်တရဓမ္မဒါန

# မာတာပိတုဂုဏော

# အနုန္ဒော

အဂ္ဂမဟာပဏ္ဍိတ

အရှင်ကုမာရ

ဒုတိယပါမောက္ခချုပ်(စီမံ)

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)နှင့်

ပဓာနနာယကဆရာတော်

မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

သာသနာ-၂၅၅၆ ကောဇာ-၁၃၇၄ ခရစ်-၂၀၁၂

# မာတိကာ

--o--o--o--


၁။ သားလိမ္မာ သမီးလိမ္မာများ၏ တာဝန် ၁

၂။ မိဘကျေးဇူးအနန္တ ၂

၃။ ဆင်းရဲခြင်း လွတ်ကင်းအောင် ၂

၄။ အပါယ်ဆင်းရဲမှ လွတ်ကင်းနိုင်သည့်ကုသိုလ် ၄

၅။ အကောင်းဆုံး ကျေးဇူးဆပ်နည်း ၄

၆။ ရဟန်းဘဝဖြင့် ကျေးဇူးဆပ်သူ ၆

၇။ နတ်တို့စောင့်ရှောက်ကယ်မ ၆

၈။ ဘုရားရှင်၏ ဂုဏ်ပြုမှု ၇

၉။ ကျေးဇူးတရား ၉

၁၀။ ပေးဆပ်မကုန် ကျေးဇူးဂုဏ် ၁၂

၁၁။ မိဘနှစ်ဖြာ ဗြဟ္မာကြီးပမာ ပူဇော်ပါ ၂၁

၁၂။ မိဘနှစ်ပါးလိုလားသည့်
သားလိမ္မာ သမီးလိမ္မာ ၃၁

**ပုတ္တမိတုဝတ္ထာရေစနကထာ**

၁၃။ ရက်လည်/တစ်လပြည့် အနုမောဒနာ ၅၁

၁၄။ မိဘနှင့်စပ် သိမှတ်ဖွယ်ရာ ----- ၇၅


-------ooo---------

နမော ဗုဒ္ဓဿ သိရီမတော

# ကျေးဇူးသိတတ်, ကျေးဇူးဆပ်

## သားလိမ္မာ, သမီးလိမ္မာများ၏ တာဝန်

ဤလောက၌ မိဘနှစ်ပါးတို့သည် မိမိရှေးသန့်စင် ဖွားမြင်လာကြသော သားရတနာ,သမီးရတနာတို့ကို နို့ချိုတိုက်ကျွေး လိုလေသေးမရှိအောင် ကျွေးမွေး ပြုစု ခဲ့ကြပါသည်။ ဖြစ်ပေါ်လာသော ရောဂါဥပါဒ် အန္တရာယ် ရန်အသွယ်သွယ်တို့ကိုလည်း မကျမရောက် ပျောက်ကင်း အောင် ကာကွယ်စောင့်ရှောက်ပေးခဲ့ကြပါသည်။

မိဘနှစ်ပါး၏ အနီးကပ် ကျွေးမွေးပြုစု စောင့်ရှောက်ပေးမှုကြောင့် သားသမီးများသည် ဖဝါး လက်နှစ်လုံး ပခုံးလက်နှစ်သစ် အရွယ်မှစ၍ လူလား မြောက်သည်အထိ ကြီးပြင်းလာခဲ့ကြသည်။ ထိုသို့ မိဘ တို့အား ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့ကြသည့် မိဘများ၏ ကျေးဇူးဂုဏ်အနန္တသည် ပေးဆပ်၍ မကုန်နိုင်အောင် တင်ရှိခဲ့ပါသည်။

## မိဘကျေးဇူးအနန္တ

အနှစ်တစ်ရာ အသက်ရှည်သော သားသမီးသည် အနှစ်တစ်ရာကာလပတ်လုံး အမိကို လကျ်ာဘက် ပခုံးပေါ် အဖကို လက်ဝဲဘက်ပခုံးပေါ်တင်၍ ထိုပခုံးပေါ်မှာ ကျင်ကြီးကျင်ငယ် စွန့်စေ၍ လိုလေသေးမရှိအောင် ပြုစုလုပ်ကျွေးသော်လည်း မိဘကျေးဇူးကို ပေးဆပ်ရာ မရောက်ဟု ကျေးဇူးကြီးမားလှပုံကို ဘုရားရှင်ဟောတော်မူခဲ့ပါသည်။ ဤကဲ့သို့ ကျေးဇူးဆပ်ခြင်းမှာ ပစ္စုပ္ပန်ဘဝအတွက် ချမ်းသာသော်လည်း တမလွန်ဘဝ ချမ်းသာရေး, သံသရာဒုက္ခမှ လွတ်မြောက်ရေး မပါသောကြောင့် ဖြစ်ပါသည်။

## ဆင်းရဲခြင်း လွတ်ကင်းအောင်

မိမိတို့ လူလားမြောက်လာသည်နှင့်အမျှ မိဘများသည် သက်ကြီးယိုယွင်း ဇရာဒဏ်နှိပ်စက်မှုကြောင့် တဖြည်းဖြည်း အိုမင်းလာခဲ့ကြသည်။ ငယ်စဉ်ကကဲ့သို့ မိမိကိုယ်ကိုလည်းအစိုးမရ၊ ကိုယ်လက်လှုပ်ရှားမှုတို့လည်း အားနည်းလာကြသည်။ ဤကဲ့သို့ အိုမင်းမစွမ်း ဖြစ်လာသော မိဘတို့သည် သားသမီးများ၏ ပြုစုလုပ်ကျွေးစောင့်ရှောက်မှုကို မရသည့်အခါ လွန်စွာပင် အတိဒုက္ခ

အထက်ပါ ကုသိုလ်လုပ်ငန်းကို ပြုလုပ်နိုင်အောင် ဟော ပြောခြင်း၊စီစဉ်ပေးခြင်း၊ ဆွမ်းခံ၍ ကျွေးမွေးပြုစု စောင့်ရှောက်ခြင်း အစရှိသောနည်းများဖြင့် ကျေးဇူး ဆပ်နိုင်ခြင်းသည် အကောင်းဆုံး ကျေးဇူးဆပ်ခြင်းပင် ဖြစ်ပါသည်။

ထိုကဲ့သို့ ကျေးဇူးဆပ်ပေးခြင်းသည် မိဘများ မသေခင် ကျန်းမာချမ်းသာစေခြင်း တမလွန်ဘဝ၌ ကောင်းရာသုဂတိသို့ ရောက်နိုင်ရေးအတွက် အားကောင်း သော အထောက်အပံ့များ ဖြစ်ပါသည်။ မိဘများ၌ ဖြစ်လေ့ရှိသော သောက၊ပရိဒေဝ၊ ဒုက္ခ၊ဒေါမနဿ၊ ဥပါယာသ မီးတောက်များ၏ လောင်မြိုက်မှု ဒဏ်ချက် များ သက်သာပျောက်ကင်းခြင်းကြောင့် ပစ္စုပ္ပန်ဘဝ ၌လည်း ဆင်းရဲကင်းကွာ ချမ်းသာမှုအရသာကို လက်တွေ့ ခံစားနိုင်ပါလိမ့်မည်။

သီလ၊သမာဓိ၊ပညာဂုဏ်ရည်များနှင့် ပြည့်စုံ နေသော သားရဟန်းတော်၏ ဂုဏ်ရည်များကို တမလွန် ဘဝ၌ရှိကြသော မိဘများ ပြန်လည်အောက်မေ့ သတိရခြင်း ကြည်ညိုမှုဖြစ်ခြင်းကြောင့် ဘဝများစွာ ကာလပတ်လုံး ဒုဂ္ဂတိဘဝမှ လွတ်မြောက်နိုင်ပုံ၊ အဆုံး

## အပါယ်ဆင်းရဲမှ လွတ်ကင်းနိုင်သည့်ကုသိုလ်

မိဘများကို ပြုစုလုပ်ကျွေးသော ကုသိုလ်စေတနာသည် တမလွန်ဘ၀၌လည်း သုဂတိချမ်းသာကို ခံစား (အပါယ်ဆင်းရဲမှ လွတ်မြောက်)ရလိမ့်မည်–ဟု ဘုရားရှင်ဟောတော်မူပါသည်။ ထို့ကြောင့် မျက်မှောက်ဘ၀, တမလွန်ဘ၀ နှစ်မျိုးလုံး ချမ်းသာစေကြောင်း ကောင်းမှုမင်္ဂလာဖြစ်ပါသည်။

## အကောင်းဆုံး ကျေးဇူးဆပ်နည်း

မိဘများအား ဆင်းရဲဒုက္ခမှ လွတ်ကင်းအောင် ကျေးဇူးပြုရာ၌ ပစ္စုပ္ပန်ဘ၀တွင်သာမက တမလွန်ဘ၀အတွက်ပါ ကျေးဇူးပြုနိုင်လျှင် အကောင်းဆုံး အမြတ်ဆုံး ဖြစ်ပါသည်။ တမလွန်ဘ၀အတွက် မိဘများကို သရဏဂုံသုံးပါး, ငါးပါးသီလ, ရှစ်ပါးသီလ, သမာဓိဘာဝနာ, ဝိပဿနာဘာဝနာလုပ်ငန်းတို့၌ ပွားများနိုင်အောင် စီစဉ်ဆောင်ရွက်ပေးခြင်း, ဒါနကောင်းမှုများ ပြုလုပ်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးခြင်း, ရှင် ရဟန်းပြုပေးခြင်း (သို့မဟုတ်) မိမိကိုယ်တိုင် ရဟန်းပြု၍

ဘဝ၌ နိဗ္ဗာန်ချမ်းသာ ခံစားရပုံကိုလည်း အဋ္ဌကထာ၌ ဖွင့်ပြတော်မူထားပါသည်။

## ရဟန်းဘဝဖြင့် ကျေးဇူးဆပ်သူ

ခိုကိုးရာမဲ့ဖြစ်နေသော မိဘများအား ဆွမ်းခံပြီး ကျွေးမွေး စောင့်ရှောက်နေသော ရဟန်းတော်ကို အခြားရဟန်းများက ကဲ့ရဲ့ကြခြင်းကြောင့် ဘုရားရှင်က ထိုရဟန်းကို မကဲ့ရဲ့ကြနှင့်ဟု တားမြစ်တော်မူ၍ မိဘနှစ်ပါးအား ကျွေးမွေး ပြုစုစောင့်ရှောက်ခြင်းကို သာဓုခေါ်တော်မူပြီး ''ငါဘုရား၏ အနွယ်တော်ကို စောင့်ရှောက်သူ, ရှေးပညာရှိ သူတော်ကောင်းတို့၏ လမ်းစဉ်ကို လက်ခံဆောင်ရွက်သူ''အစရှိသည်ဖြင့် ချီးမွမ်းတော်မူပါသည်။ မိဘကို ပြုစုလုပ်ကျွေးမှုကို အကြောင်းပြု၍ လိုက်နာဆောင်ရွက်ရန် ဇာတ်တော်တို့ကို လည်း ဟောကြားတော်မူခဲ့ပါသည်။

## နတ်တို့စောင့်ရှောက်ကယ်မ

မိဘများကို ပြုစုလုပ်ကျွေးနေသော သုဝဏ္ဏသာမ သတို့သား ကျရောက်ခံစားနေရသည့် ဆင်းရဲဒုက္ခများမှ လွတ်ကင်းချမ်းသာအောင် နတ်ကောင်းနတ်မြတ်များက

စောင့်ရှောက်ကယ်မကြပုံ၊ တိုင်းပြည်ပျက်ဘေးနှင့် တွေ့ကြုံနေရသော်လည်း မိဘများကို ပြုစုလုပ်ကျွေးနေသော ရာမသတို့သားကို နတ်များက မိခင်ထံ ရောက်အောင် ပြန်လည်ပို့ဆောင်ပုံတို့ကိုလည်း ဟောတော်မူပါသည်။

## ဘုရားရှင်၏ ဂုဏ်ပြုမှု

မိဘများအား ပြုစုစောင့်ရှောက်သူများကို-

သန္တ = သူတော်ကောင်း။<br>
ဥတ္တမပုရိသ = ယောက်ျားမြတ်။<br>
ဗြဟ္မစာရီ = မြင့်မြတ်သောအကျင့်ကိုကျင့်သူ။<br>
အရိယ = မြင့်မြတ်သူ။<br>
ဒဿနသမ္ပန္န = ဉာဏ်အမြင်နှင့် ပြည့်စုံသူ။

အစရှိသော ချီးမွမ်းစကားတို့ဖြင့်လည်း ဘုရားရှင်ကိုယ်တော်တိုင် ချီးမွမ်းတော်မူခဲ့ပါသည်။

ထို့ကြောင့် မိဘတို့အား ပြုစုလုပ်ကျွေးခြင်းသည် သူယုတ်မာများက မလိုလားကြသော်လည်း သူတော်ကောင်းများအနေနဲ့ မဖြစ်မနေ ပြုလုပ်ဆောင်ရွက်ရမည့် လုပ်ငန်း ဖြစ်ပေသည်။ လောကသဘာဝနှင့် လိုက်လျောညီထွေ ဆောင်ရွက်သင့်သောလုပ်ငန်း၊ မျက်မှောက်

တမလွန် ဆင်းရဲကင်းကွာ ချမ်းသာနိုင်သည့် ကျေးဇူး ဆပ်သည့် ကောင်းမှုလုပ်ငန်းတစ်ရပ် ဖြစ်ပေသည်။ ကျေးဇူးသိတတ်၍ ကျေးဇူးဆပ်ပါက ဘုရားစသည့် သူတော်ကောင်းကြီးများ ချီးမွမ်းကြပါလိမ့်မည်။

# ကျေးဇူးတရား

ဒွေ မေ ဘိက္ခဝေ ပုဂ္ဂလာ ဒုလ္လဘာ လောကသ္မိံ။ ကတမေ ဒွေ? ယော စ ပုဗ္ဗကာရီ ယော စ ကတညူ ကတဝေဒီ။ (အံ၊၁။၈၆။ အံ၊ဋ္ဌ။၂။၅၇။)

၁။ ကျေးဇူးပြုတတ်တဲ့ ကျေးဇူးပြုဖူးတဲ့ပုဂ္ဂိုလ်၊

၂။ ကျေးဇူးတရားကို သိတတ်၊ သိတတ်သည့်အတိုင်း ကျေးဇူးတုံ့ဆပ်နိုင်တဲ့ပုဂ္ဂိုလ်၊

အဲဒီပုဂ္ဂိုလ်နှစ်မျိုးကို လောကမှာ ရဖို့ခက်ခဲတယ်လို့ ဘုရားရှင်ဟောတော်မူခဲ့ပါတယ်။

၁။ ကျေးဇူးပြုတယ်ဆိုတာ လိုအပ်နေလျှင် လိုအပ်တဲ့ကိစ္စကို မိမိတတ်နိုင်တဲ့ဘက်က ဆောင်ရွက်ပေးတဲ့ပုဂ္ဂိုလ်ဖြစ်ပါတယ်။ အဲဒီလိုပုဂ္ဂိုလ်တွေလဲ တွေ့ခဲ့ကြုံခဲ့ရတာ မျက်မြင်ပဲဖြစ်ပါတယ်။ ကျေးဇူးပြုတယ်ဆိုတာ ကူညီလိုတဲ့ ပရဟိတ=သူတစ်ပါးတို့အကျိုးကို ဆောင်ရွက်ပြုလုပ်ပေးလိုတဲ့စိတ်ရှိမှဖြစ်ပါတယ်။ ဘယ်လောက်ပဲ အစွမ်းရှိရှိ ပရဟိတ

စိတ်မရှိလျှင် ဒုက္ခရောက်နေသူကို ကူညီဖို့ လိုအပ်နေတာကို ဆောင်ရွက်ပေးဖို့ မလုပ်ကြပါဘူး၊ အဲဒါကြောင့် **ဒုလ္လဘ=ရခဲတယ်**၊ ရဖို့တွေ့ဖို့ မလွယ်ဘူးလို့ ဘုရားရှင်ဟောတော်မူခဲ့ပါတယ်။

၂။ ကျေးဇူးသိသူ, ကျေးဇူးဆပ်နိုင်သူကြတော့ ပိုပြီး ခဲယဉ်းပါတယ်။ များသောအားဖြင့် ကျေးဇူးပြုပေးတဲ့ပုဂ္ဂိုလ်ကို ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်ပါတယ်လို့တောင် ပြောနိုင်ခဲပါတယ်။

ကျေးဇူးဆပ်တယ်ဆိုတာ ကျေးဇူးရှိတယ်လို့ သိပြီးမှ အတုံ့ပြန်ပြီး ပြုလုပ်ပြောဆိုတာ ဖြစ်ပါတယ်။ အဲဒါကြောင့် ကျေးဇူးမသိတော့ ကျေးဇူးဆပ်ဖို့ဆိုတာ ခက်ခဲပါတယ်။

ကျေးဇူးပြုတာကိုပင် အပြစ်ပြောကြတဲ့ ပုဂ္ဂိုလ်က များပါတယ်။

အဲဒါကြောင့် ဆရာ့ကျေးဇူး, မိဘကျေးဇူးဟာ တပည့်,သားသမီးများအပေါ်မှာ အမြဲတင်ရှိနေပါတယ်။

အဲဒီကျေးဇူးပြုမှုတွေကို သိတတ်ဖို့, သိတဲ့အတွက် ကျေးဇူးဆပ်နိုင်သူတွေသည် သူတော်ကောင်းတွေ ဖြစ်ကြပါတယ်။ ကျေးဇူးမသိတတ်

သူဟာ သူတော်ကောင်းမဖြစ်ပါ။

သူတော်ကောင်းဖြစ်လျှင် မိမိအပေါ် ကျေးဇူးပြုဖူးတဲ့ မိဘ၊ဆရာ ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွေရဲ့ ကျေးဇူးကိုသိကြ၊ သိတဲ့အတိုင်း ကျေးဇူးဆပ်နိုင်ကြပါတယ်။

# ပေးဆပ်မကုန် ကျေးဇူးဂုဏ်

- **ဒွိန္နာဟံ ဘိက္ခဝေ န သုပ္ပတိကာရံ ဝဒါမိ။ ကတမေ ဒွိန္နံ? မာတာ ပိတု စ=**

  ချစ်သားတို့ ... မိဘနှစ်ပါးတို့အား မိမိအပေါ်ပြုခဲ့ဘူးသောကျေးဇူးကို လွယ်လွယ်ကူကူ ဆပ်နိုင်၏-လို့ ဘုရားရှင် ဟောတော်မမူပါဘူး။

- **ဝဿသတာယုကော ဝဿသတဇီဝီ=**

  အနှစ်တစ်ရာ အသက်ရှည်သော အမျိုးကောင်းသားသည်။

- **ဧကေန အံသေန မာတရံ ပရိဟရေယျ=**

  လက်ယာပခုံးထက်မှာ မိခင်ကိုတင်ထားရာ၏။

- **ဧကေန အံသေန ပိတရံ ပရိဟရေယျ=**

  လက်ဝဲပခုံးထက်မှာ ဖခင်ကိုတင်ထားရာ၏။

- **သော စ နေသံ ဥစ္ဆာဒန ပရိမဒ္ဒန နှာပန သမ္ဗာဟနေန=**

  အဲဒီသားဖြစ်သူဟာ အနှစ်တစ်ရာပတ်လုံး မိဘ

နှစ်ပါးကို ပခုံးနှစ်ဖက်ပေါ်မှာ တင်ထားပြီး အဲဒီပခုံး ပေါ်မှာဘဲ -

- မကောင်းတဲ့ အနံ့အသက်တွေပျောက်အောင် နံ့သာရည်ဖြင့် ပွတ်တိုက် လိမ်းကျံပေးခြင်း။
- ပင်ပန်းနွမ်းနယ်မှုမရှိအောင် ပွတ်သတ်နှိပ်နယ် ပေးခြင်း။
- ဆပ်ပြာဖြင့် ပွတ်တိုက်ရေချိုးပေးခြင်း၊
- အညောင်းအညာကင်းအောင် ဆုပ်နယ်ပေးခြင်း၊
- **တတ္ထေဝ မုတ္တကရီသံ စဓေယျုံ** = ထိုပခုံးနှစ်ဖက် ပေါ်မှာပင် ကျင်ကြီးကျင်ငယ် စွန့်စေခြင်း အစရှိ သော ပြုစုလုပ်ကျွေးခြင်းဖြင့် ပြုစုလုပ်ကျွေးသော် လည်း ကျေးဇူးတုံ့ဆပ်သည် မမည်ဘူး။

- **ဣမိဿာ စ ဘိက္ခဝေ မဟာပထဝိယာ ပဟူတ ရတ္တရတနာယ မာတာပိတရော ဣဿရာဓိပစ္စေ ရဇ္ဇေ ပတိဋ္ဌာပေယျ** = မိဘနှစ်ပါးကို တပ်မက်မောဖွယ် ကောင်းသော, ရတနာအမျိုးမျိုးရှိသော, ဤမြေပြင် တစ်ခုလုံးကိုအစိုးရသော စကြာမင်း, မိဖုရားဖြစ်အောင် စီစဉ်ပြုလုပ်ပေးသော်လည်း-

- **နတွေဝ ဘိက္ခဝေ မာတာပိတူနံ ကတံ ဝါ**

**ဟောတိ ပဋိကတံ ဝါ** = မိဘကျေးဇူးကို ကုန်အောင် ကျေအောင် ဆပ်ရာမရောက်ပါ။

- **တံကိဿဟေတု** = အဲဒီလောက် ပြုစုလုပ်ကျွေးတာတောင် ဘာဖြစ်လို့ ကျေးဇူးဆပ်လို့မကုန်တာလဲ?

- **ဗဟူပကာရာ ဘိက္ခဝေ မာတာပိတရော ပုတ္တာနံ အာပါဒကာ ပေါသကာ=** မိဘနှစ်ပါးဟာ သားသမီးတွေကို ဖဝါးလက်နှလုံး ပခုံးလက်နှစ်သစ် အရွယ်က စတင်ပြီး လူလားမြောက်သည်အထိ ကြီးပြင်းအောင် မွေးမြူခဲ့ကြတယ်၊ အစားအစာတွေကို လိုလေသေးမရှိအောင် ကျွေးမွေးပေးခဲ့ကြတဲ့အတွက် သားသမီးများအပေါ်မှာ ကျေးဇူးများခဲ့ကြပါတယ်။

- **ဣမဿ လောကဿ ဒဿေတာရော=** ဤလောကကြီးနှင့် ပတ်သက်တဲ့ သိသင့်သိထိုက်တဲ့ စားမှု, သောက်မှု, နေမှု, ထိုင်မှု, ဝတ်စားသုံးစွဲမှု, ဆက်ဆံမှု အစရှိတဲ့ အကြောင်းအရာအချက်အလက်တွေ သိရှိနားလည်အောင် ပြသသင်ကြားပေးခဲ့ကြပါတယ်။

အဲဒါကြောင့် မိကောင်း ဖခင်တွေဖြစ်ကြပါတယ်။ အကယ်၍ မိဘနှစ်ပါးညံ့ဖျင်းကြလျှင် သားကောင်း သမီးကောင်းတွေဖြစ်ဖို့ မလွယ်ဘူး၊ သားလိမ္မာ သမီးလိမ္မာ

မဖြစ်ကြလျှင် ငြိမ်းချမ်းသာယာတဲ့ လောကကြီး ဖြစ်မလာတော့ပါဘူး။ ငြိမ်းချမ်းမှုမဖြစ်တော့လျှင် ဆင်းရဲဒုက္ခနဲ့ အမြဲရင်ဆိုင် နေကြရမှာဖြစ်ပါတယ်။

ယဉ်ကျေးလိမ္မာတဲ့ သားရတနာ၊သမီးရတနာတွေ ဖြစ်ကြရတာဟာ မိဘများရဲ့ ကျေးဇူးကြောင့်ပဲ ဖြစ်ပါတယ်။ မိကောင်းဖကောင်းတွေနဲ့ နေထိုင်ခဲ့ကြရလို့ဖြစ်ပါတယ်။ အဲဒါကြောင့် မိဘနှစ်ပါးရဲ့ကျေးဇူးဟာ ပေးဆပ်လို့ မကုန်နိုင်အောင် များပြားလှပါတယ်။

- **ယော စ ခေါ ဘိက္ခဝေ မာတာပိတရော အဿဒ္ဓေ သဒ္ဓါသမ္ပဒါယ သမာဒပေတိ နိဝေသေတိ ပတိဋ္ဌာပေတိ**= မိဘကျေးဇူးကို သိတတ်သော သားသမီးသည် သဒ္ဓါတရားမရှိသော မိဘတို့ကို သဒ္ဓါတရားရှိသူများဖြစ်အောင် ဆွဲဆောင် စီစဉ်ပြုလုပ်ပေးပါတယ်။

- **ဒုဿီလေ သီလသမ္ပဒါယ သမာဒပေတိ နိဝေသေတိ ပတိဋ္ဌာပေတိ** = သီလမရှိသော မိဘများကို သီလရှိသူများဖြစ်အောင် စီစဉ်ပြုလုပ်ပေးတယ်။

- **မစ္ဆရီ စာဂသမ္ပဒါယ သမာဒပေတိ နိဝေသေတိ ပတိဋ္ဌာပေတိ** = မပေးရက် မလှူလို နှမြောဝန်တိုမှု ဖြစ်နေသော မိဘနှစ်ပါးကို လှူဒါန်းပေးကမ်းနိုင်အောင်

စီစဉ်ပေးတယ်၊ အလှူရှင်များဖြစ်အောင် ဆောင်ရွက်ပေးတယ်။

- **ဒုပ္ပညေ ပညာသမ္ပဒါယ သမာဒပေတိ နိဝေသေတိ ပတိဋ္ဌာပေတိ** = အသိအလိမ္မာဉာဏ် ပညာမရှိသေးသော မိဘများကို အသိဉာဏ်ပညာဖြစ်ပွားအောင် သူတော်ကောင်းတရားကို အားထုတ်နိုင်အောင် ဆောင်ရွက် စီစဉ်ပေးပါတယ်။ အဲဒီလို မိဘနှစ်ပါးကို သဒ္ဓါရှိသူ, သီလရှိသူ,စာဂ(ဒါန)ရှိသူ, ပညာရှိသူများ ဖြစ်အောင် ဟောပြော ပြသ စီစဉ်ဆောင်ရွက်ပေးသော သားသမီးမှသာ မိဘကျေးဇူးကို ပေးဆပ်ရာရောက်တယ်-လို့ ဘုရားရှင် ဟောတော်မူထားပါတယ်။

(အံ၊၁။ ၆၃။ အံဋ္ဌ၊၂။ ၂၇-၈)

ဒီနေရာလေးမှာ လောကရေးရာအားဖြင့် သားသမီးများက မိဘတို့ကို ကျွေးမွေးပြုစုသော်လည်း အဘယ်ကြောင့် ကျေးဇူးဆပ်ရာ မရောက်သလဲ? လို့ စဉ်းစားစရာရှိပါတယ်။

လောကရေးရာ ကျွေးမွေးပြုစုတာဟာ လုပ်သင့်လုပ်ထိုက်တဲ့ ကျေးဇူးဆပ်ခြင်းပါဘဲ၊ လောကရေးရာ ပြုစုလုပ်ကျွေးခြင်းဖြင့် မိဘနှစ်ပါးဟာ လက်ရှိဘဝမှာ အဆစအရာရာ အဆင်ပြေကြမယ်။ ဆင်းရဲဒုက္ခတွေက လွတ်

ကင်းကြမယ်။ သို့သော် ပုထုဇဉ်သဘာဝ သံယောဇဉ်တွေ ဖြစ်လာကြတော့ မနေရလို့ ကွယ်လွန်သွားလျှင် ကောင်းရာ သုဂတိရောက်ဖို့ မသေချာပါဘူး။

သဒ္ဓါ၊သီလ၊စာဂ၊ပညာ ကောင်းမှုကုသိုလ် လုပ်ငန်းတွေပြုလုပ်ဖြစ်အောင် ကျေးဇူးဆပ်တာကတော့ မသေခင်လည်းပဲ အနေကောင်းအောင်၊ မနေရလို့ ကွယ်လွန်သွားလျှင်လည်း ကုသိုလ်စိတ်နဲ့ ဘဝနိဂုံးချုပ်သွားတဲ့အတွက် အပါယ်လေးပါး မရောက်တော့ဘဲ သုဂတိဘဝသို့ ရောက်သွားနိုင်ပါတယ်။ သုဂတိဘဝ ရောက်လျှင် သံသရာဝဋ္ဋဆင်းရဲက သက်သာခွင့်ကို ရရှိခံစားကြရမှာဖြစ်ပါတယ်။

မဂ်ဉာဏ်၊ဖိုလ်ဉာဏ်တွေရလို့ အရိယာပုဂ္ဂိုလ်၊ ရဟန္တာပုဂ္ဂိုလ်တွေ ဖြစ်သွားလျှင် အပါယ်ဆင်းရဲ ဝဋ္ဋဆင်းရဲက အပြီးတိုင် လွတ်မြောက်ကြမှာဖြစ်လို့ အကောင်းဆုံး ကျေးဇူးဆပ်ခြင်းဖြစ်ပါတယ်။

အဲဒါကြောင့် အနေလည်းကောင်းအောင် လောကနည်းနဲ့လည်း ကျေးဇူးဆပ်ကြသလို အသေလည်းကောင်းအောင် ကုသိုလ်ရေးနဲ့လည်း ကုသိုလ်ရှင်တွေဖြစ်အောင် ကျေးဇူးဆပ်နိုင်ကြလျှင် သားလိမ္မာရတနာ၊ သမီးလိမ္မာရတနာများဖြစ်ကြတဲ့အတွက် မိမိတို့အတွက် အနေလည်း

ကောင်း အသေလည်းကောင်းကြပြီး ဆင်းရဲဒုက္ခတွေက လွတ်မြောက်နိုင်ပြီး ချမ်းသာသုခကို ရရှိခံစားနိုင်တဲ့ သူတော်ကောင်းတွေ ဖြစ်လာကြမှာပါ။

# ဝိပန္ဒဓိပြာ

# ပဋ္ဌာကြီးပယာပုဓော်ပါ

## မိဘနှစ်ပါး ဖြဟ္မာကြီးပမာ ပူဇော်ပါ

- **သဗြဟ္မကာနိ ဘိက္ခဝေ တာနိ ကုလာနိ။**
**ယေသံ ပုတ္တာနံ မာတာပိတရော အဇ္ဈာဂါရေ**
**ပူဇိတာ ဟောန္တိ။**

အံ၊၁။၁၃၀-၁။

အံဋ္ဌ၊၂။၈၈-၁၀၀။

မိဘများကို နေအိမ်မှာ ပြုစုလုပ်ကျွေး ပူဇော်နေသော သားသမီးများသည် ဗြဟ္မာကြီးများနှင့် အတူနေကြရသလိုဖြစ်ပါတယ်။

- **သပုဗ္ဗာစရိယကာနိ ဘိက္ခဝေ တာနိ ကုလာနိ၊-**

မိဘများကို မိမိတို့နေအိမ်မှာ ကျွေးမွေးပြုစုစောင့်ရှောက်ပူဇော်နေကြသော သားသမီးများသည် လက်ဦးဆရာများနှင့် အတူနေထိုင်ကြရပါတယ်။

- **အာဟုနေယျာနိ ဘိက္ခဝေ တာနိ ကုလာနိ-**

မိဘများကို လုပ်ကျွေးသမှု ပူဇော်နေကြသော သားသမီးများသည် ဝေးရပ်ဒေသမှ ပေးပို့ပူဇော်မှုကို ခံယူနေကြသော ပုဂ္ဂိုလ်မြတ်များနှင့်အတူ နေကြရသလိုဖြစ်ပါတယ်။

**- ဗြဟ္မာတိ ဘိက္ခဝေ မာတာပိတူနံ အဓိဝစနံ -**

ဗြဟ္မာ= မြင့်မြတ်သောပုဂ္ဂိုလ်ဆိုတာ မိဘများကို ပြောတာဖြစ်ပါတယ်။

မိဘကိုဘာဖြစ်လို့ ဗြဟ္မာလို့ ဆိုရတာလဲ?

ဗြဟ္မာပြည်မှာရှိနေကြတဲ့ ဗြဟ္မာကြီးများဟာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားလေးပါး အမြဲပွားများနေကြပါတယ်။ အဲဒီတရားများကို ပွားများနေတဲ့ပုဂ္ဂိုလ်ဟာ မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ တနည်း မြင့်မြတ်တဲ့ ပုဂ္ဂိုလ်များဟာ အဲဒီတရားလေးပါး တို့တွင် တစ်ပါးပါးကို အမြဲပွားများနေကြပါတယ်။ မိဘများဟာ အဲဒီတရားလေးပါးကို သားသမီးများအပေါ်မှာ နေ့စဉ် အမြဲပွားများနေကြပါတယ်။ အဲဒါကြောင့် မိဘများကို **"ဗြဟ္မာကြီးတွေ"** လို့ ဘုရားရှင်က ဟောတော်မူပါတယ်။

မိဘများဟာ သားသမီးများအပေါ်မှာ အဲဒီတရား လေးပါးကို ဘယ်အချိန်ကစပြီး ပွားများနေကြသလဲဆို လျှင် -

၁။ မိဘတိုင်းဟာ မိမိတို့ရဲ့ သားရတနာ သမီး ရတနာများကို ချောချောလှလှ အင်္ဂါခြေလက်

ပြည့်ပြည့်စုံစုံနဲ့ မွေးဖွားလိုကြပါတယ်။ အဲဒါကြောင့် ကိုယ်ဝန်တည်တဲ့ အချိန်ကစပြီး အနာရောဂါကင်းကွာ ကျန်းကျန်းမာမာဖြင့် ဖွားမြင်နိုင်ပါစေ၊ အင်္ဂါကြီးငယ် အသီးသီးတို့ ပြည့်ပြည့်စုံစုံ သန်မာထွားကြိုင်းစွာ ဖွားမြင်နိုင်ပါစေ အစရှိသည်ဖြင့် မမြင်ရသေးတဲ့ သားသမီးအပေါ်မှာ အမြဲတမ်း မေတ္တာပို့ ဆုတောင်းနေကြပါတယ်။ မွေးဖွားပြီးချိန်မှစပြီး တစ်သက်လုံး ယဉ်ကျေးလိမ္မာ အသိဉာဏ်ပညာ ကြီးမား စီးပွားဥစ္စာ တိုးတက်နေကြတဲ့ သားသမီးတွေကိုပဲ အမြဲလိုလား တောင့်တနေကြတာဟာ မေတ္တာပွားများနေကြတာပါပဲ။

၂။ ဘာမျှ မလှုပ်နိုင်မရှားနိုင် ပက်လက်အိပ်နေရတဲ့အချိန်မှာ ခြင်ကိုက်လို့ ကြမ်းပိုးကိုက်လို့ 'အဲ့' လို့ အော်သံ ကြားရတာနဲ့ ရင်ထဲမှာ အောင့်ကနဲဖြစ်ပြီး 'ဘာဖြစ်တာလဲ' စသည်ပြောဆိုပြီး ကြားရာအရပ်က ပြေးလာကြ, ပြုစုပေးကြတာ၊ ဆင်းဆင်းရဲရဲ နေကြရတဲ့ သားသမီး, ကျန်းမာရေး ချွတ်ယွင်းနေကြတဲ့ သားသမီး အသိဉာဏ်ချွတ်ယွင်းနေကြတဲ့ သားသမီး မိုက်မဲတဲ့ သားသမီးတွေအပေါ် အမြဲတမ်း ကရုဏာ သက်ရောက်နေကြပါတယ်။

၃။ ပျော်ပျော်ရွှင်ရွှင် တီတီတာတာ ဘာဘာ ညာညာ ပြောတတ်တဲ့ သားငယ်သမီးငယ်လေးများ လှလှပပ ဝဝဖြိုးဖြိုး အင်္ဂါခြေလက် ပြည့်ပြည့်စုံစုံနဲ့ အလှပိုတဲ့ သားသမီးများ၊ အရွယ်ရောက်လာလို့ အသိအလိမ္မာ ဉာဏ်ပညာအမြော်အမြင်ကလည်းပြည့်စုံ၊ ပစ္စည်းဥစ္စာလည်း ကြွယ်ဝချမ်းသာ၊ အဖက်ဖက်က ပြည့်စုံနေကြတဲ့ သားသမီးများကို ကြည့်ရှုပြီး ဝမ်းမြောက် ဝမ်းသာဖြစ်နေကြတာဟာ မုဒိတာဘာဝနာ ပွားနေကြ တာဖြစ်ပါတယ်။

၄။ အချိန်တန် အရွယ်ရောက်လို့ ကိုယ့်အိမ် ကိုယ့်ရာနဲ့ နေနိုင်ပြီး ကိုယ်ခြေထောက်ပေါ် ကိုယ် ရပ်နိုင် ပြီး တင့်တင့်တယ်တယ် နေနိုင်ကြတဲ့အခါမှာတော့ "သားသမီးအတွက် ပူပင်ကြောင့်ကြ စရာမလိုတော့ဘူး။ စိတ်ချလက်ချနေနိုင်ပြီ" လို့ ကြောင့်ကြမဲ့ နေနိုင်ကြတဲ့ အခါ ဥပေက္ခာဘာဝနာပွားများနေကြတာဖြစ်ပါတယ်။ အဲဒါကြောင့် မိဖများကို "**ဗြဟ္မာကြီးတွေ**" လို့ ဘုရားရှင် ဟောတော်မူခြင်းဖြစ်ပါတယ်။

လက်ဦးဆရာဆိုတာက သားငယ် သမီးငယ်များ အသိဉာဏ်ပညာဖြစ်လာတဲ့ အချိန်ကစပြီး 'ဒီလိုရပ်

ရတယ်၊ ဒီလိုအိပ်ရတယ်၊ ဒီလိုထိုင်ရတယ်၊ ဒီလိုစားရတယ်၊ ဒီလိုမရပ်ရ၊ ဒီလိုမအိပ်ရ၊ မထိုင်ရ၊ မစားရဘူး ဒီလိုပြောရတယ်၊ဒီလိုမပြောရဘူး၊ အစ်ကို၊ အစ်မ၊ အဒေါ်၊ ကြီးတော်၊ ဦးလေး၊ ဘကြီး၊ အမေ၊ အဖေ၊ အဖိုး၊ အဖွား၊ အရှေ့၊ အနောက်၊ တောင်၊ မြောက် အထက်၊ အောက်စသည်ဖြင့် အသုံးအနှုန်းတွေ မိမိတို့ဖြတ်သန်းလာခဲ့တဲ့ ဘဝခရီးအတွေ့အကြုံတွေကို အခြေခံပြီး ရှောင်ရှားစရာ၊ ဆောင်ထားလိုက်နာ ပြုကျင့်စရာ အစရှိတဲ့ သိသင့်သိထိုက် တတ်သင့်တတ်ထိုက်တဲ့ အကြောင်းအရာများကို ရှေးဦးစွာ သင်ကြားပေးခဲ့ကြပါတယ်။ ဆရာ၊ဆရာမများနဲ့ ရဟန်းတော်များက နောက်မှ ပညာရေးဆိုင်ရာ ဘာသာရေးဆိုင်ရာများကို သင်ကြားပေးကြတာဖြစ်လို့ မိဘနှစ်ပါးကို '**ပုဗ္ဗာစရိယ= လက်ဦးဆရာများ**''လို့ ဘုရားရှင် ဟောတော်မူထားတာဖြစ်ပါတယ်။

တခြားတနေရာ ဝေးရာဒေသ နိုင်ငံခြားမှာနေကြတဲ့ ပုဂ္ဂိုလ်များဟာ မိမိတို့ ကောင်းစားလာတဲ့အခါ ကျေးဇူးရှိဖူးတဲ့ ပုဂ္ဂိုလ်များထံ မွန်မြတ်သော စားဖွယ် သောက်ဖွယ် လက်ဆောင်ပစ္စည်းများကို ပေးပို့လှူဒါန်းကြပါတယ်။

အဲဒီရပ်ဝေးက ပေးပို့တဲ့ ပစ္စည်းဝတ္ထုများကို ရဟန္တာအရှင်မြတ်များနှင့် မိဖများကသာ လက်ခံသုံးစွဲထိုက်တယ်။ ပေးပို့သည့် ကုသိုလ်ရှင်များ ထိုက်ထိုက်တန်တန် အကျိုးခံစားကြရလို့ ဖြစ်ပါတယ်။ ရဟန္တာအရှင်မြတ်များက ကိလေသာအာသဝတို့ ကုန်ခမ်းပြီးလို့ မိဖများက ကျေးဇူးပြုဖူးသူများ ဖြစ်လို့ပါပဲ။ အဲဒါကြောင့် မိဖများကို **"အာဟုနေယျ= အဝေးမှ ပေးပို့လာသော ပစ္စည်းဝတ္ထုကို ခံယူထိုက်သူများ"**လို့ ဘုရားရှင်ဟောတော်မူခဲ့ပါတယ်။

ဘာဖြစ်လို့ မိဖများဟာ သားသမီးပေးပို့တဲ့ ပစ္စည်းဝတ္ထုကို အလှူခံထိုက်သလဲ? ဆိုတော့ မိဘများဟာ သားသမီးများအပေါ်မှာ ကျေးဇူးများလို့ဖြစ်ပါတယ်။

မိဘများဟာ သားသမီးတွေ အသက်ရှင်အောင်, အသက်ရှည်အောင် ရောဂါဥပါဒ် အန္တရာယ်ရန်အသွယ်သွယ်ကို မကျမရောက်အောင် ကာကွယ် စောင့်ရှောက် ပြုစုပေးကြပါတယ်။ ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ် အရွယ်ကစပြီး နှလုံးသွေးက ဖြစ်လာတဲ့ နို့ချိုတိုက်ကျွေး လူလားမြောက်အောင် လိုလေသေးမရှိ ကျွေးမွေးပြုစု စောင့်ရှောက်ပေးခဲ့ကြပါတယ်။ သိစရာ,

တတ်စရာ၊ ရှောင်စရာ၊ ဆောင်စရာ အဖြာဖြာကိုလည်း သင်ကြားပြသပေးခဲ့ကြပါတယ်။ အဲဒါကြောင့် မိဘများဟာ ပေးဆပ်မကုန် ကျေးဇူးရှင်များဖြစ်ကြလို့ သားသမီးများရဲ့ ဝေး၊နီးနှစ်ရပ် ပူဇော်ဖွယ်များကို ခံယူထိုက်သူများအစစ် ဖြစ်ကြပါတယ်။

**ဗြဟ္မာတိ မာတာပိတရော၊ ပုဗ္ဗစရိယာတိ ဝုစ္စရေ။**
**အာဟုနေယျာစ ပုတ္တာနံ၊ ပဇာယ အနုကမ္ပကာ။**

မာတာပိတရော = မိဘတို့ကို။

ဗြဟ္မာတိ = ဗြဟ္မဝိဟာရတရားလေးပါး သားသမီးများအပေါ်၌ နေ့စဉ်ပွားနေကြသဖြင့် "ဗြဟ္မာကြီးတို့" ဟူ၍။

ဝုစ္စရေ = ခေါ်ဆိုအပ်ပါပေကုန်၏။

ပုဗ္ဗစရိယာတိ = သို့ထိုင်၊ သို့ကိုင်၊သို့လုပ်၊ သို့စား၊သို့နေ ဝေးစွာရှောင်ရှား ကျင့်ဆောင်ပွားဖို့ မမှားရအောင် နားဝင်အောင်လျှင် သိစရာရှိသမျှ မကျန်ရအောင် သင်ကြားပေးတတ် ရှေးဦးဆရာမြတ်တို့ဟူ၍။

ဝုစ္စရေ = ဆိုအပ်ပါပေကုန်၏။

ပဇာယ = သား သမီးကို။

အနုကမ္ပကာ = သနားစောင့်ရှောက် ချီးမြှောက်နေကြခြင်း ကြောင့်။

ပုတ္တာနံ = နှီးနှော, ဝေးနှော၊ နှစ်ထွေအစားစား သား သမီးများ၏။

အာဟုနေယျာစ = ပူဇော်ပို့ထွေ ပစ္စည်းဝတ္ထုတွေကို ခံယူ သိမ်းပိုက်ခြင်းငှာလည်း ထိုက်တန်ကြပါ ပေကုန်၏။

**- တသ္မာ ဟိ နေ နမဿေယျ၊ သက္ကရေယျ စ ပဏ္ဍိတော။**
**အန္နေန အထ ပါနေန၊ ဝတ္ထေန သယနေန စ။**
**ဥစ္ဆာဒနေန နှာပနေန၊ ပါဒါနံ ဓောဝနေန စ။**

တသ္မာ ဟိ = ထိုသို့ ပေးဆပ်မကုန် ကျေးဇူးဂုဏ် အနန္တ တို့နှင့် မယုတ်ကုံလုံ ပြည့်စုံခြင်းကြောင့် သာလျှင်။

ပဏ္ဍိတော = အဆိုးအကောင်း အကျိုးအကြောင်းကို ခွဲခြမ်းဇကန် ဝေဖန်မြင်သိ ပညာရှိ အမျိုး ကောင်းသား အမျိုးကောင်းသမီးသည်။

နေ = ထို မိဖနှစ်ပါးတို့ကို။

နမဿေယျ = ဂုဏ်ရည်အစွမ်း စိတ်ရည်မှန်းကာ လက်အုပ်ချီမိုး ရှိခိုးဦးချရာ၏။

အန္နေန = ထမင်း မုန့်ငါး အစားအသာ အမျိုးမျိုးတို့ဖြင့်

လည်းကောင်း။

အဝထ = ထို့ပြင်။

ပါနေန = အဖျော်ရည်အမျိုးမျိုး သောက်ဖွယ်ဖြင့် လည်းကောင်း။

ဝတ္ထေန = ဥတုသုံးလီ လျော်ညီသည့် အဝတ်အထည် အမျိုးမျိုးဖြင့်လည်းကောင်း။

သယနေနစ = အိပ်ရာနေရာ လျောက်ပတ်စွာခင်းကျင်း စီစဉ်ပေးခြင်းဖြင့်လည်းကောင်း။

ဥစ္ဆာဒနေန = မကောင်းအနံ့ သင်းပျံ့ကိုယ်ပေါ် ချေးညော် ကင်းအောင် ဆပ်ပြာပွတ်တိုက် သန့်ရှင်း အောင် ပြုလုပ်ပေးခြင်းဖြင့်လည်းကောင်း။

နှာပနေန = ပူမှုအေးမှု ဥတုအလိုက် ရေအေးရေပူ တို့ဖြင့် ရေချိုးပေးခြင်းဖြင်လည်းကောင်း။

ပါဒါနံ ဓောဝနေန စ= အိပ်ယာသို့ဝင် လွှန်သန့်စင် အောင် ပွတ်တိုက်ကာပေး ခြေဆေးပေး ခြင်းဖြင့်လည်းကောင်း။

သက္ကရေယျ = မိဘဂုဏ်ရည် အလီလီကို စိတ်ရည်မှန်းဆ ရှိသေစွာ ပြုစုလုပ်ကျွေးရာ၏။

**တာယ နံ ပါရိစရိယာယ၊ မာတာပိတူသု ပဏ္ဍိတာ။**

**ဣဓေဝ နံ ပသံသန္တိ၊ ပေစ္စ သဂ္ဂေ ပမောဒတိ။**

မာတာပိတူသု= ကျေးဇူးကြီးမား မိဖနှစ်ပါးတို့၌။

တာယပရိစရိယာယ = လေးစားရိုကျိုး လွန်မြတ်နိုး၍ လုပ်ကျွေးပြုစုနေခြင်းကြောင့်။

နံ = ထိုအမျိုးကောင်းသား အမျိုးကောင်း သမီးကို။

ပဏ္ဍိတာ = ကြောင်းကျိုးသိမြင် ပညာရှင်တို့သည်။

ဣဓေဝ = ခုပစ္စက္ခ ဤဘဝ၌ပင်လျှင်။

ပသံသန္တိ = ဝမ်းမြောက်ရွှင်လန်း ခြီးမွမ်းကြလေ ကုန်၏။

ပေစ္စ = တမလွန်လောက နောက်ဘဝ၌။

သဂ္ဂေ = ရူပ,သဒ္ဒ စသည်ပြည့်စုံ နတ်တို့ဘုံ၌။

ပမောဒတိ = ဝမ်းမြောက်ရွှင်ပျော် မွေ့လျော်စွာဘိ သုဂတိ ချမ်းသာ ခံစားရလေတော့၏။

ဣတိ = ဤသို့။

ဘဂဝါ = ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပ တော်မူသော ဘုရားမြတ်စွာသည်။

ဒေသေတိ = ကရုဏာနှင့် မေတ္တာတရား အစဉ်ထား၍ ဟောကြားတော်မူခဲ့ပါသတည်း။

~~~~~~ ❖ ~~~~~~
~~~~~~

# မိဘနှစ်ပါး လိုလားသည့် သားလိမ္မာ, သမီးလိမ္မာ

မိဖများက သားရတနာ၊သမီးရတနာ ထွန်းကားမှုကို လိုလားချက် ငါးမျိုးရှိကြောင်း အင်္ဂုတ္တရပါဠိ၊ ပဉ္စကနိပါတ၊ ပုတ္တသုတ် (အံ၊၂။၃၇-၈။)မှာ ဘုရားရှင်ဟောထားတော်မူပါတယ်။ အဲဒီငါးမျိုးကို သိင်္ဂါလောဝါဒသုတ် (ဒီ၊၃။ ၁၅၄။)မှာကြတော့ သားသမီးကျင့်ဝတ် ငါးမျိုးလို့ တစ်မျိုးဟောတော်မူထားပါတယ်။ အဲဒါတွေကတော့ -

(၁) ဘတော ဝါ နော ဘရိဿတိ-

လူသားများဟာ ငယ်ရွယ်နုပျိုသည့်ကစပြီး သက်ရွယ်ယိုယွင်း အိုမင်းချိန်ရောက်သည့်တိုင်အောင် လူ့လောကမှာ အသက်ရှည်ကြပါတယ်။ အသက်အရွယ်ရလာသည်နှင့်အမျှ အိုခြင်းဆင်းရဲ (ဇရာဒုက္ခ)အပြင် နာခြင်းဆင်းရဲ (ဗျာဓိဒုက္ခ)ကိုလည်း အနည်းနှင့်အများ တွေ့ကြုံခံစားကြရပါတယ်။

အဲဒီအချိန်ကျတော့ အရာရာတိုင်းမှာ မိမိကိုယ်တိုင် မဆောင်ရွက်နိုင်, မစီမံနိုင်ကြတာများပါ

တယ်။ အဲဒီအချိန်မှာ သားလိမ္မာ၊ သမီးလိမ္မာတွေ ရှိကြမှ အစစအရာရာ အဆင်ပြေပြီး ဆင်းရဲဒုက္ခများကို ကျော်လွှား လွန်မြောက်နိုင်ကြမှာဖြစ်ပါတယ်။ သားလိမ္မာ၊ သမီးလိမ္မာများ မရှိကြတဲ့ မိအို၊ ဖအိုများ အဖိုး၊ အဖွားများဟာ ဆင်းရဲဒုက္ခအမျိုးမျိုးနဲ့ ရင်ဆိုင်ကြရပါတယ်။

သားငယ် သမီးငယ်လေးတွေကို ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ် အရွယ်ကစပြီး မိဖနှစ်ပါးဟာ နို့ချိုတိုက်ကျွေး လိုလေသေးမရှိအောင် အစားအစာတွေ ကျွေးမွေး ပြုစုခဲ့ကြပါတယ်။ ဖြစ်ပေါ်လာတဲ့ ရောဂါဥပါဒ် အန္တရာယ် ရန်အသွယ်သွယ်ကိုလည်း မကျမရောက်အောင် ကာကွယ်စောင့်ရှောက် ပေးခဲ့ကြပါတယ်။ အဲဒီလို မိဖနှစ်ပါးရဲ့ ပြုစုယုယ စောင့်ရှောက်ပေးမှုကြောင့် မိမိတို့ဟာ လူလုံးလှလှ လူ့ဘဝကို ရရှိခဲ့ကြပါတယ်။ မိဖနှစ်ပါးဟာ မိမိတို့ကို အသက်ရှင်အောင်၊ အသက်ရှည်အောင်၊ ကျန်းမာအောင် ပြုစုစောင့်ရှောက်ခဲ့ကြပါတယ်။

မိဘနှစ်ပါး၏ အနန္တမွေးကျေးဇူးဂုဏ်ကို ထောက်ထားပြီး သားသမီးများဟာ မိမိတို့ အရွယ်ရောက်လာသည်နှင့်အမျှ မိဖများဟာ အသက်အရွယ် ကြီးရင့်လာကြတယ်။ အသက်ထင်ရှား ရှိနေစဉ်အတွင်း မိဘနှစ်

ပါးကို လိုလေသေးမရှိအောင် ကျွေးမွေးပြုစုစောင့်ရှောက်ကြရပါတယ်။ အဝတ်အထည် ဆင်းမြန်းပေးကြရပါတယ်။ အိပ်ယာနေရာ ခင်းပေးကြရပါတယ်။ အိပ်ယာဝင်လျှင် ခြေလက်ဆေးပေးကြရပါတယ်။ ယခုလို အစစအရာရာ ပြန်လည်ကျွေးမွေးစောင့်ရှောက်မှုကို လိုလားကြတဲ့အတွက် မိဖများဟာ သားရတနာ၊ သမီးရတနာလေးတွေ ထွန်းကားလာတာကို လိုလားကြတယ်လို့ ဘုရားရှင် ဟောတော်မူခဲ့ပါတယ်။

## (၂) ကိစ္စံ ဝါ နော ကရိဿတိ-

မိဖနှစ်ပါးဟာ မိမိတို့မိသားစု စားဝတ်နေရေးကျန်းမာရေး အစရှိတဲ့ လူမှုကိစ္စတွေကို ကျော်လွှားလွန်မြောက်နိုင်ရေးအတွက် မိသားစု စီးပွားရေးလုပ်ငန်းတွေကို ကြိုးကြိုးစားစား လုပ်ကိုင်ဆောင်ရွက်ခဲ့ကြပါတယ်။

ဒီ မိသားစုလုပ်ငန်းတွေ စီးပွားရေးလုပ်ငန်းတွေဟာ အရွယ်ရောက်လာတဲ့ သားသမီးတိုင်း၏ ပခုံးပေါ်သို့ အလိုလိုရောက်ရှိလာကြပါတယ်။ သားလိမ္မာ၊သမီးလိမ္မာများဟာ ကျရောက်လာတဲ့ မိသားစုလုပ်ငန်း တာဝန်တွေ၊ စီးပွားရေးလုပ်ငန်းတွေကို ကျရာအခန်းကဏ္ဍမှာ တက်ညီလက်ညီ လုပ်ကိုင်ဆောင်ရွက်ကြပါမှ ဒီမိသားစုဟာ

လောကအလယ်မှာ တင့်တင့်တယ်တယ် နေထိုင်နိုင်ကြမှာ ဖြစ်ပါတယ်။

အဲဒါကြောင့် မိဖများဟာ မိမိတို့ လုပ်ကိုင်ဆောင်ရွက်နေကြတဲ့ မိသားစုလုပ်ငန်းတွေ စီးပွားရေးလုပ်ငန်းတွေ လူမှုရေးလုပ်ငန်းတွေကို သားလိမ္မာ,သမီးလိမ္မာများက အရှိန်အဟုန်မပျက်အောင် (သို့မဟုတ်) မိမိတို့ထက် ကြီးပွားတိုးတက်အောင် လုပ်ကိုင်နိုင်ကြလိမ့်မယ်လို့လဲ မျှော်လင့်တောင့်တပြီး သားလိမ္မာ, သမီးလိမ္မာများ ထွန်းကားရေးကိုလည်း လိုလားတောင့်တကြပါတယ်။

(၃) **ကုလဝံသော စိရံ ဌဿတိ-**

မိဖများဟာ လောကအတွင်းမှာ မိမိတို့၏ အမျိုးအနွယ် အစဉ်အလာ စီးပွားဥစ္စာများ ကြာရှည်လေးမြင့်တည်တံ့ရေးအတွက် သားလိမ္မာ,သမီးလိမ္မာများ ထွန်းကားလာရေးကို မျှော်လင့်တောင့်တကြပါတယ်။

အမျိုးအနွယ် ကြာရှည်လေးမြင့် တည်တံ့ဖို့ဆိုတာ မိဖ,ဖိုးဖွားလက်ထက်က ဆင်းသက်လာတဲ့ အစဉ်အလာကောင်းတွေ, ဓလေ့ထုံးစံကောင်းတွေ မပျောက်မကွယ်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြခြင်းဖြစ်ပါတယ်။ အစဉ်အလာ ဓလေ့ထုံးစံတွေ ဘယ်လောက်

ကောင်းကောင်း သားသမီးတွေက ဆက်ခံကျင့်သုံး အကောင်အထည်ဖော် မဆောင်ရွက်ကြတော့ဘူးဆိုလျှင် လွယ်လွယ်ကူကူ ပျောက်ကွယ်ပျက်စီးသွားနိုင်ပါတယ်။ အဲဒါကြောင့် မိဖ,ဖိုးဖွားများလက်ထက်က ဆင်းသက်လာခဲ့တဲ့ အစဉ်အလာကောင်းတွေ, ဓလေ့ထုံးစံကောင်းတွေကို မပျောက်မကွယ်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြခြင်းဟာလည်း အမျိုးအနွယ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းပါဘဲ။

နောက် မိမိတို့ မိသားစုများဟာ မိဘများရှိစဉ်အခါကကဲ့သို့ တစ်ဦးနှင့်တစ်ဦး ညီညီညွတ်ညွတ် ချစ်ချစ်ခင်ခင် တိုင်တိုင်ပင်ပင် စည်းစည်းလုံးလုံး အမြဲရှိနေကြခြင်း၊ မိဘများပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာကို ခြေရာလက်ရာ မပျက်အောင် တတ်နိုင်လျှင် မိဖလက်ထက်ကထက် တိုးတက်ကြီးပွားအောင် ဆောင်ရွက်ကြခြင်းဟာလည်း အမျိုးအနွယ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြစ်ပါတယ်။

တတ်နိုင်လျှင် မိဘများက ဆောက်လုပ်လှူဒါန်းထားတဲ့ သာသနိကအဆောက်အအုံတွေ ဆွမ်းဝတ်၊ ကွမ်းဝတ်များကို ပြင်ဆင်ထိန်းသိမ်း စောင့်ရှောက်ခြင်းဟာလည်း အမျိုးအနွယ်ကို လောကအလယ်မှာ ကြာရှည်

လေးမြင့် တည်တံ့အောင် စောင့်ရှောက်နိုင် ခြင်းဖြစ်ပါတယ်။ အဲဒါကြောင့် မိဘများက သားလိမ္မာ သမီးလိမ္မာများ ထွန်းကားစေလိုခြင်း တောင့်တခြင်းဖြစ်ပါတယ်။

(၄) **ဒါယဇ္ဇံ ပဋိပဇ္ဇိဿတိ=**

မိမိတို့ ကြိုးကြိုးစားစား ဆောင်ရွက်ခဲ့တဲ့ စီးပွားဥစ္စာ အမွေအနှစ်များကိုလည်း သားသမီးတွေ ဆက်ခံစေလိုတဲ့အတွက် သားလိမ္မာ သမီးလိမ္မာလေးတွေ ထွန်းကားစေဖို့ တောင့်တမျှော်လင့်ကြပါတယ်။

အမွေအနှစ်ကို ဆက်ခံသုံးစွဲစေနိုင်ရေးအတွက် မိဘနှစ်ပါးဟာ မိမိတို့ လူ့အသိစိတ်ဓာတ်ဝင်လာတဲ့ အချိန်ကစပြီး လောကရေးရာ၊ လူမှုရေးရာ၊ စီးပွားရေးရာတွေနဲ့ ပတ်သက်ပြီး မိမိတို့ တွေ့ကြုံဖြတ်သန်းလာကြတဲ့ ဘဝခရီးစဉ်တစ်လျှောက် တွေ့ခဲ့၊ခံစားခဲ့တဲ့ အချက်တွေကို အခြေခံပြီး လိုလေသေးမရှိရအောင် ဆုံးမသွန်သင် လမ်းညွှန်မှုတွေ နေ့တဓူဝ သင်ကြားပေးခဲ့ကြပါတယ်။

မိမိတို့သင်ကြားပေးရုံနဲ့ အားမရသေးတဲ့အတွက် ဆရာသမားကောင်းတွေထံ အပ်နှံပြီး အတတ်ပညာတွေကိုလဲ သင်ယူစေခဲ့ကြပါတယ်။ အဲဒီ မိဘများပေးခဲ့

တဲ့ အသိပညာ အတတ်ပညာတွေကို အကောင်အထည်ဖော် ဆောင်ရွက်ကြမည်ဆိုလျှင် ဘဝသက်တမ်းသာ ပြီးဆုံးသွားပေမယ့် အသိပညာ အတတ်ပညာရပ်တွေဟာ မကုန်ဆုံးနိုင်ပါဘူး။

မိမိတို့ ဘဝကောင်းစားရေး ချမ်းသာရေးအတွက် မိဘများပေးခဲ့တဲ့ အသိပညာ၊ အတတ်ပညာတွေကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်တဲ့ သားသမီးသည် သာ သားလိမ္မာ သမီးလိမ္မာ ဖြစ်တဲ့အတွက် မိဘများ၏ အမွေအနှစ် ပစ္စည်းဥစ္စာများကို သက်ဆုံးတိုင် ဆက်ခံသုံး ဆောင်နိုင်မှာဖြစ်ပါတယ်။

မိဘကို ကလန်ကဆန်လုပ်၊ မိဘကိုအမျိုးမျိုးနှိပ် စက်နေကြတဲ့ သားသမီးများကြတော့ သားဆိုး သမီးဆိုး ဖြစ်တဲ့အတွက် မိဘတို့ရဲ့ အမွေအနှစ်ပစ္စည်းဥစ္စာကို မသုံး ဆောင် မခံစားနိုင်ကြပါဘူး။ တတ်နိုင်လို့ မိဘတွေက ဘယ်လောက်ပဲ ပုံအောပေးပေး သူတို့လက်ထဲရောက်လျှင် ပစ္စည်းဥစ္စာတွေဟာ တိုးပွားမလာတော့ပဲ တတိတတိနဲ့ ပျက်စီးဆုံးရှုံးကုန်ပါတော့တယ်။

သားလိမ္မာ သမီးလိမ္မာတွေကျတော့ မိဘချမ်းသာ လျှင် သားစဉ်မြေးဆက် ချမ်းသာကြွယ်ဝကြပါတယ်။ အဲဒီလို သားစဉ်မြေးဆက် ချမ်းသာကြွယ်ဝစေရေးအတွက်

မိဘများက သားလိမ္မာ သမီးလိမ္မာများ ထွန်းကားစေလိုကြပါတယ်။

**(၅) အထ ဝါ ပန ပေတာနံ ကာလင်္ကတာနံ ဒက္ခိဏံ အနုပဒဿတိ–**

မိဘနှစ်ပါးက ခန္ဓာဝန်ရှိနေကြတော့ ဒီခန္ဓာဝန်ကို ကျွေးမွေးပြုစုဖို့အတွက် နေ့စဉ်လုပ်ကိုင်ဆောင်ရွက်နေတဲ့ လုပ်ငန်းတာဝန်တွေရှိတယ်၊ မိမိတို့ပိုင်ဆိုင်တဲ့ပစ္စည်းဥစ္စာတွေရှိတယ်၊ မိသားစု သံယောဇဉ်တွေရှိပါတယ်။ ဒါတွေကို နေ့စဉ်တွေ့ကြုံနေရတဲ့အတွက် ကွယ်လွန်ခါနီးမှာ ပုထုဇဉ်သဘာဝ အဲဒီထဲက တစ်မျိုးမျိုးကို စွဲလမ်းပြီး ကွယ်လွန်သွားနိုင်တယ်။ အဲဒီလိုစွဲလမ်းပြီး ကွယ်လွန်သွားလျှင် တစ္ဆေဆိုတဲ့ ပြိတ္တာဘဝကို ရောက်ရှိတတ်တယ်။ တကယ်လို့ အဲဒီ ပြိတ္တာဘဝမှာ ရောက်နေလျှင် ပစ္စုပ္ပန်ခုဒီဘဝက သားသမီးများက မိဘများကို ရည်မှန်း၍ အလှူဒါနပြုပြီး အမျှပေးဝေကြရပါတယ်။

ဒါဟာ သားသမီးဝတ္တရားငါးပါးထဲမှာ နံပါတ် (၄) ကျင့်ဝတ်ဖြစ်ပါတယ်။ ကွယ်လွန်ပြီးတဲ့ မိဘများကို ရည်ညွှန်းဖိတ်ကြားပြီး အမျှဝေတဲ့အခါ–

(က) **သင်္ကန်းအလှူဒါန**ကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်တဲ့အတွက် နတ်ဦဖြစ်သော ဝတ်ဆင်စရာ အဝတ်တန်ဆာတွေ ရရှိဝတ်ဆင်ရပါတယ်။

(ခ) **နေရာအလှူဒါန** (သို့မဟုတ်) သာသနိက အဆောက်အအုံ အလှူဒါနကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုတဲ့အတွက် နတ်ဦဖြစ်သော နေထိုင်ဖို့ အဆောက်အအုံတွေ ရရှိပါတယ်။

(ဂ) **ဆွမ်းခဲဘွယ်ဘောဇဉ်အလှူဒါန**ကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်လျှင် နတ်ဦဖြစ်သော စားသောက်ဖွယ်ရာ အစားအစာတွေကို ရရှိခံစားရပါတယ်။

(ဃ) ထီး,ဖိနပ်ဟာ ရဟန်းတော်များအတွက် ယာဉ်ဖြစ်ပါတယ်။ အဲဒီ **ယာနဒါန**ကုသိုလ်ကို သာဓုခေါ်ခြင်းကြောင့် နတ်ဦဖြစ်သော အလိုရှိရာကို သွားနိုင်တဲ့ ယာဉ်တွေ ရရှိပါတယ်။

(င) **သစ်သီး(အုန်း,ငှက်ပျော) အလှူဒါန**ကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ခြင်းကြောင့် နတ်ဦဖြစ်သော သစ်သီးမျိုးစုံ ဥယျာဉ်တွေကို ရရှိခံစားရမှာဖြစ်ပါတယ်။

(စ) **အသုံးအဆောင် ပစ္စည်းအလှူဒါန**ကို ဝမ်းမြောက်

ဝမ်းသာ သာဓုခေါ်ဆိုခြင်းကြောင့် နတ်ဌာဖြစ်သော အသုံးအဆောင် ပစ္စည်းတွေကို ရရှိခံစားရပါတယ်။

အဲဒီလို သာဓုခေါ်လို့ ပြိတ္တာဘဝက လွတ်မြောက်ပြီး နတ်စည်းစိမ်တွေ ခံစားရတဲ့အကြောင်းကို တိရောကုဋ္ဋ ပေတဝတ္ထု (ပေတ၊၁၂၉-၁၃၀) သာဏဝါသီထေရ ပေတဝတ္ထု (ပေတ။၁၆၉-၁၇၂။) အစရှိသော ပေတဝတ္ထု ပါဠိတော်မှာ သံဂါယနာတင်ထားလျှက်ရှိပါတယ်။ မျက်မှောက်ခေတ်မှာလည်း သာဓုခေါ်လို့ စည်းစိမ်ချမ်းသာ ခံစားရရှိတာကိုလည်း မကြာမကြာ ကြားသိရပါတယ်။

အဲဒါကြောင့် မိဘများဟာ မိမိတို့ ကွယ်လွန်သွားလျှင် အကယ်၍ ပြိတ္တာဘဝရောက်လျှင်လည်း သားသမီးများ ပြုစုပေးဝေသော ကုသိုလ်အဖို့အစုကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုခြင်းကြောင့် နတ်ဌာဖြစ်သော ချမ်းသာအမျိုးမျိုးတို့ကို ရရှိခံစားကြရပါလိမ့်မယ်။ သုဂတိဘဝ သုဂတိ ချမ်းသာကို ရရှိခံစားရလိမ့်မယ်လို့ သိရတဲ့အတွက် သားရတနာ သမီးရတနာများ ထွန်းကားတာကို မျှော်လင့်တောင့်တကြပါတယ်။

ဒီတရားငါးပါးကို မိဘများ၏ သားရတနာ သမီးရတနာလေးတွေ ထွန်းကားရေးအတွက် မြော်လင့်ချက်

ငါးမျိုးလို့ (အင်္ဂုတ္တရပါဠိ၊ ပဉ္စကနိပါတ၊ ပုတ္တသုတ်မှာ) ဘုရားရှင်ဟောတော်မူထားပါတယ်။ သိင်္ဂါလသုတ်တော် (ဒီ၊၃။၁၅၄။)မှာကျတော့ သားသမီးများက မိဘများအပေါ်မှာ ပြန်လည်ပြုကျင့်ရမည့် ဝတ္တရားငါးပါးလို့ ဟောတော်မူထားပါတယ်။ မိဘများက မြော်လင့်သည်ဖြစ်စေ၊ မမြော်လင့်သည်ဖြစ်စေ သားသမီးများက မိဘများအပေါ်မှာ ပြန်လည်ပြုစုပေးရမည့် ကျင့်ဝတ်များဖြစ်ပါတယ်။ အပြန်အလှန်ပြုကျင့်ကြခြင်းဖြင့် လူမှုရေးရာမှာလည်း အစစ အဆင်ပြေပြီး ပြဿနာတစ်စုံတရာမျှ မပေါ်ပေါက်သည်မှာ မျက်မြင်အသိပဲဖြစ်ပါတယ်။

| | | |
|---|---|---|
| ပဏ္ဍိတော | = | ကြောင်းကျိုးမြင်သိ ပညာရှိ မိဘတို့သည်။ |
| (၁)ဘတော | = | ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်ကစ၍ လူဖြစ်အောင် နို့ချိုတိုက်ကျွေး လိုလေသေးမရှိအောင် ငါတို့ကျွေးမွေး ပြုစုထားသော သားလိမ္မာ၊ သမီးလိမ္မာ ရတနာသည်။ |
| နော | = | ငါ မိဘတို့အား။ |
| ဘရိဿတိ | = | အရွယ်ယိုယွင်း အိုမင်းချိန် ငါတို့ |

| | | | |
|---|---|---|---|
| | | | ရောက်သည့်အခါ တလှည့်ပြန်၍ ငါတို့ကို ကျွေးမွေးပြုစု စောင့်ရှောက်ပေလိမ့်မည်။ |
| (၂) | နော | = | ငါ မိဖတို့၏။ |
| | ကိစ္စံဝါ | = | နေ့စဉ်ဆောင်ရွက်ထားသည့် မိသားစုလုပ်ငန်း လူမှုကိစ္စ တိုင်းပြုပြည်ပြု ကိစ္စအဖြာဖြာကို လည်း။ |
| | ကရိဿတိ | = | ငါတို့ကိုယ်စား မပျက်ပြားအောင် လေးစားသမှု ဆက်လက် ပြုလုပ်ကြပေလိမ့်မည်။ |
| (၃) | ကုလဝံသော | = | ငါတို့ အမျိုးအနွယ်သည်။ |
| | စိရံ | = | နှစ်ပေါင်းများစွာ ကာလကြာအောင်။ |
| | ဌဿတိ | = | လောကအလယ် တင့်တယ်လျှောက်ပတ် ဆက်သွယ်ထွန်းပေါ် တည်တံ့ပေလိမ့်မည်။ |
| (၄) | ဒါယဇ္ဇံ | = | မိဘ, ဘိုးဘွား အဆက်ဆက် စောင့်ရှောက်ထားသည့် ပစ္စည်း |

ဥစ္စာ,လူမှုရေးရာ,သာသနာရေး ရာ,အဖြာဖြာသော အမွေအနှစ် များစွာကို။

ပဋိပဇ္ဇတိ = နှစ်ပေါင်းများစွာ ကာလကြာ အောင် တို့လက်ထက် ထက် ဆက်လက်တိုးပွား များပြားစွာ ဖြစ်ထွန်း တိုးတက်အောင် ပြုလုပ် ဆောင်ရွက်နိုင်ကြပေလိမ့်မည်။

(၅) အထဝါ ပန = ဆိုခဲ့ပြီးသော မျှော်လင့်ချက် လေးမျိုးမှ တစ်ပါး။

ပေတာနံ = သက်တမ်းနှင့်ကံ နှစ်ပါးစုံကုန် သဖြင့် ကွယ်လွန်ကြကုန်ပြီးသော ငါ မိဘတို့အား။

ဒက္ခိဏံ = ဆင်းရဲကင်းကွာ ချမ်းသာရ ကြောင်း ကောင်းမှုအဖြာဖြာကို။

အနုပဒဿတိ = ဆင်းရဲလွတ်မြောက် ချမ်းသာ ရောက်အောင် စောင့်ရှောက် မသွေ လှူဒါန်းပေးဝေကြလိမ့် မည်။

ဉာတိ ပဋ္ဋဌာနာနိ= ဤသို့ပိုင်းခြား ငါးပါးသော အရာဌာနတို့ကို။

သမ္ပဿံ = ဉာဏ်ဖြင့်ဆင်ခြင် သိမြင်ကြကုန်သည်ဖြစ်၍၊

ပုတ္တံ = ရင်နှစ်သည်းခြာ သားရတနာသမီးရတနာကို။

ဣစ္ဆန္တိ = နောက်နောင်အရေး ရတက်အေးဖို့မျှော်တွေးထောက်ရှု ရလိုမှုကြောင့်စင်စစ်မသွေ အလိုရှိကြပါပေကုန်၏။

ပဏ္ဍိတာ = မိမိအကျိုး သားသမီးအကျိုး အမျိုးမျိုးကို ထောက်ထားမျှော်မြင်ပညာရှင် မိဘတို့သည်။

ဧတာနိ ဌာနာနိ = ဆိုခဲ့ပြီးကြား ဤငါးပါးသော အရာဌာနတို့ကို။

သမ္ပဿံ = ဉာဏ်ဖြင့်ဆင်ခြင် သိမြင်ကြကုန်သည်ဖြစ်၍။

ပုတ္တံ = ရင်နှစ်သည်းချာ သားရတနာသမီးရတနာကို။

ကုလဝံသံ = မိမိ,သူတပါး အကျိုးများဘို့ ပွားတိုးစေမှု မေတ္တာပြု၍ ပေါင်းစု လိုလားကြကုန်၏။

တသ္မာ = ထိုသို့ကျိုးများ လိုလားတောင့်တ ခြင်းကြောင့်။

သန္တော = အယူမစောင်း မှုမပြောင်းသည့် သူတော်ကောင်းဖြစ်ကြကုန်သော။

သပ္ပုရိသာ = မိမိ သူတစ်ပါး နှစ်ဦးသားတို့ ပွားတိုးစေရန် ကျိုးအတန်တန်ကို သယ်ပိုးဆောင်ရွက်ကြကုန်သော။

ကတညူ = မိမိတို့အပေါ် ပြုခဲ့ပေဘူး မိဘ ကျေးဇူး အနန္တကို သိမြင်ကြကုန် သော။

ကတဝေဒိနော = သိသည့်အလျောက် တုံ့ပြန်နောက် ထပ် ကျေးဇူးဆပ်မှုကို ပြုနိုင်ကြ ကုန်သော သားရတနာ သမီး ရတနာတို့သည်။

ပုဗ္ဗေ = ငယ်စဉ်တောင်ကျေး ကလေး အရွယ် နုနယ်ငယ်လျစဉ် အခါက

စ၍။

ကတံ = မိမိအပေါ် မေတ္တာ၊ ကရုဏာ၊ မုဒိတာတရား အစဉ်ပွား၍ ပြုခဲ့ပေဖူး မိဘကျေးဇူးကို။

အနုသဿရံ = တစိမ့်စိမ့်တွေး တရေးရေးထင် အစဉ်အောက်မေ့ သတိရလျှက်။

ပုဗ္ဗကာရိနံ ယထာ= မိမိတို့အား ပြုစုလုပ်ကျွေး မွေးမြူထားခဲ့သလို။

မာတာပိတရော = အနန္တကျေးဇူးရှင် မိခင်၊ ဖခင်တို့ကို။

ဘရန္တိ = အတုံ့ပြန်၍ ကျွေးမွေးပြုစုကြကုန်၏။

နေသံ = ထို မိခင်ဖခင် ကျေးဇူးရှင်တို့၏။

ကိစ္စာနိ = မိသားစုရေးရာ လူမှုရေးရာ နိုင်ငံရေးရာ အဖြာဖြာသော ကိစ္စအဝဝတို့ကို။

ကရောန္တိ = မိဘကို ယ်စား အနေထား၍ လေးစားသမှု အောင်မြင်ပြီးစီးအောင် ပြုလုပ်ကြကုန်၏။

| | | |
|---|---|---|
| ဩဝါဒကာရီ | = | မိမိတို့အကျိုး ပွားတိုးလိုလား မိဘများ၏ လမ်းညွှန်ဆုံးမ ဩဝါဒကို လိုက်နာသမှု ပြုလေ့ရှိသော။ |
| ဘတပေါသီ | = | မိဘနှစ်ပါး အသက်ထင်ရှား ရှိနေစဉ် လိုအင်ပြည့်ဝ ပြုစုလုပ်ကျွေး နေလေ့ရှိသော။ |
| ကုလဝံသံ | = | ဘိုးဘွားမိဘ အစဉ်အလာ ဆင်းသက်လာငြား ဓလေ့ထုံးစံ အစားစား ပစ္စည်းဥစ္စာအဖုံဖုံ ဘာသာသာသနာ အဖြာဖြာ အမျိုးအနွယ် အစဉ်အလာကို။ |
| အဟာပယံ | = | မိမိလက်ထက် မပျက်စေရ အစဉ်အဆက် တိုးတက်ကြီးပွား မပျက်ပြားစေပဲ။ |
| သဒ္ဓေါ | = | ရတနာသုံးတန် ကံ၊ကံ၏အကျိုး ပစ္စုပ္ပန် တမလွန် နှစ်တန်သော ဘဝတို့၌ သက်ဝင်ယုံကြည် ထက်မြက်သော သဒ္ဓါတရား ရှိသော။ |

သီလေနသမ္ပန္နော= ကိုယ်ကျင့်သီလ လောက်ငပြည့်စုံသော။

ပုတ္တော = သားရတနာ သမီးရတနာသည်။

ပသံသိယော = မိဘကျေးဇူး အထူးသိတတ် ကျေးဇူးတုံ့ဆပ်နိုင်သဖြင့် သူတော်စင်တို့ ချီးမွမ်းမှုကို ခံယူရသည်။ ဝါ၊ ပစ္စုပ္ပန်ဝယ် ချီးမွမ်းဖွယ် ချမ်းသာဖွယ်ဂုဏ် တမလွန်ဝယ် ကောင်းရာရောက်ဖွယ် ဂုဏ်အသွယ်သွယ်ကြောင့် လူ့နတ်အားရမ်း ချီးမွမ်းထိုက်လှသည် သာလျှင်။

ဟောတိ = စင်စစ်မသွေ ဖြစ်ပါပေ၏။

ရက်လည် / တစ်လပြည့်

# ပုဏ္ဏဝိတုဝဏ္ဏာရေခနကာထာ

အနုမောဒနာ

ဒေသနာ

# ရက်လည် / တစ်လပြည့်

## အနုမောဒနာ ဒေသနာ

ဒီနေ့ အနန္တကျေးဇူးရှင် (ဖခင်ကြီး ဦး ……… ၊ မိခင်ကြီးဒေါ် ………… )အား ရည်စူး၍ ကျန်ရစ်သူ မိသားစုများက အလှူဒါနပြုပြီး အမျှပေးဝေကြခြင်း ဖြစ်ပါတယ်။ အခုလို ကွယ်လွန်ပြီးသော (မိဘများ)အား အလှူဒါနပြုလုပ်ကြပြီး အမျှပေးဝေကြခြင်းသည် ကျန်ရစ်ခဲ့သော (သား/ သမီး)များအနေနဲ့ မဖြစ်မနေ လုပ်ကိုင်ဆောင်ရွက်ပေးရမည့် တာဝန်ဝတ္တရားတစ်ခုကို လုပ်ကိုင်ဆောင်ရွက်ပေးခြင်း ဖြစ်ပါတယ်။

သားသမီးများအနေနဲ့ မိဘများအပေါ်မှာ မဖြစ်မနေ ကျေးဇူးဆပ်သည့်အနေဖြင့် လုပ်ကိုင်ဆောင်ရွက်ပေးရမည့် တာဝန်ဝတ္တရား ငါးမျိုးရှိပါတယ်။

နံပါတ်တစ်က **"ကျွေးမွေးမပျက်"**-

မိမိတို့ လူ့လောကအတွင်း အခြေချသည့် အချိန်ကစပြီး မိဘနှစ်ပါးက နို့ချိုတိုက်ကျွေး လိုလေ သေးမရှိအောင် အစားအစာတွေကို ကျွေးမွေးပြုစု

ပေးခဲ့ကြပါတယ်။ ဖြစ်ပေါ်လာတဲ့ ရောဂါဥပါဒ်အန္တရာယ် ရန်အသွယ်သွယ်ကိုလည်း မကျရောက်အောင် စောင့်ရှောက်ကာကွယ် ပေးခဲ့ကြပါတယ်။ အခုလို မိဘနှစ်ပါး၏ အနီးကပ်ပြုစုယုယ စောင့်ရှောက်ပေးမှုကြောင့် မိမိတို့သည် လူလုံးလှလှ လူ့ဘဝကို ပြည့်ပြည့်ဝဝ ရရှိနေကြခြင်း ဖြစ်ပါတယ်။ အဲဒီမိဘနှစ်ပါး၏ မွေးကျေးဇူးဂုဏ်အနန္တကို အောက်မေ့ ဆင်ခြင်သိမြင်ကြပြီး မိဘများ အသက်ထင်ရှားရှိနေစဉ်အတွင်းမှာ လိုလေသေးမရှိအောင် ကျွေးမွေးပြုစု စောင့်ရှောက် ကြခြင်းသည် သားလိမ္မာ, သမီးလိမ္မာများအနေဖြင့် မဖြစ်မနေ တုံ့ပြန်ပြုလုပ်ပေးကြရမည့် နံပါတ်တစ် တာဝန်ဝတ္တရားဖြစ်ပါတယ်။ အခု–

ဖခင်ကြီး ဦး.......................)

မိခင်ကြီးဒေါ်.......................)ကို

အသက်ထင်ရှား ရှိနေစဉ်အတွင်းမှာ လိုလေသေးမရှိအောင် ကျွေးမွေးပြုစု စောင့်ရှောက်ကြပြီး ဖြစ်ပါတယ်။

နံပါတ်နှစ်က **''ဆောင်ရွက်စီမံ''**–

မိဖနှစ်ပါးဟာ မိမိတို့မိသားစု စား,ဝတ်, နေရေး, ကျန်းမာရေး စတဲ့ ကိစ္စတွေကို ကျော်လွှားလွှန်မြောက်နိုင်

ကြစေရန် မိသားစုလုပ်ငန်းတွေ၊ စီးပွားရေးလုပ်ငန်းတွေကို လုပ်ကိုင်ဆောင်ရွက်ခဲ့ကြပါတယ်။ ဒီမိသားစုလုပ်ငန်းတွေ စီးပွားရေးလုပ်ငန်းများဟာ အရွယ်ရောက်လာကြတဲ့ သား၊သမီးတိုင်းရဲ့ပခုံးပေါ် သို့ အလိုလိုရောက်ရှိလာခဲ့ပါတယ်။ အဲဒီမိသားစုလုပ်ငန်းတွေ စီးပွားရေးလုပ်ငန်းတွေကို ကျရာအခန်းကဏ္ဍကနေပြီး တက်ညီလက်ညီ လုပ်ကိုင်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒီလိုတက်ညီလက်ညီ လုပ်ကိုင်ဆောင်ရွက်ကြပါမှ ဒီမိသားစုများဟာ လောကအလယ်မှာ တင့်တင့်တယ်တယ် နေထိုင်နိုင်ကြမှာဖြစ်ပါတယ်။ ဒီသဘာဝကို ကိုယ်ပိုင်ဉာဏ်နဲ့ သဘောပေါက်နားလည်ပြီး မိသားစုလုပ်ငန်းတွေ စီးပွားရေးလုပ်ငန်းတွေကို ကျရာအခန်းကဏ္ဍကနေပြီး တက်ညီလက်ညီ လုပ်ကိုင်ဆောင်ရွက်ကြခြင်းဟာ သားလိမ္မာ၊ သမီးလိမ္မာများအနေနဲ့ လုပ်ကိုင်ဆောင်ရွက်ကြရမည့် နံပါတ်(၂) တာဝန် ဖြစ်ပါတယ်။ ဒီတာဝန်ကိုလည်း ကိုယ်စီကိုယ်စီ လုပ်ကိုင် ဆောင်ရွက်နေကြပြီဖြစ်ပါတယ်။

နံပါတ်သုံးက **"မွေခံထိုက်စေ"**တဲ့-

မိဘအမွေအနှစ်ကို ခံယူထိုက်အောင် ကျင့်သုံးကြရမှာဖြစ်ပါတယ်။ မိဘနှစ်ပါးဟာ မိမိတို့ လူ့အသိ

စိတ်ဓာတ် ဝင်လာတဲ့အချိန်ကစပြီး **"မကောင်းမြစ်ထား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ"**ဆိုတဲ့ မိဘဝတ္တရားများနှင့်အညီ-

(၁) သားငယ်၊သမီးငယ်တွေကို မကောင်းတဲ့ဖက်သို့ ပါမသွားအောင် နည်းမျိုးစုံနဲ့ ကာကွယ်၊ စောင့်ရှောက်၊ တားမြစ်ပေးခဲ့ကြပါတယ်။

(၂) မိမိတို့တွေ့ကြုံ ဖြတ်သန်းလာခဲ့တဲ့ ဘဝခရီးအတွေ့ အကြုံကို အခြေခံပြီး သွားတတ်၊လာတတ်၊ နေတတ်၊ ထိုင်တတ်၊ သုံးတတ်၊ စားတတ်အောင် ဆုံးမသွန်သင် လမ်းညွှန်မှုများ အသိပညာများကို သင်ပြပေးခဲ့ကြပါတယ်။

(၃) အဲဒီလို လမ်းညွှန်ပေးရုံနဲ့ အားမရသေးတဲ့အတွက် ဆရာသမားကောင်းတွေ အထံမှာ အပ်နှံကြပြီး အတတ်ပညာတွေကိုလည်း သင်ကြားပေးခဲ့ကြပါတယ်။

မိဘနှစ်ပါးက မိမိတို့ ဘဝကောင်းစားရေး အတွက်၊ ချမ်းသာရေးအတွက် ပေးအပ်ခဲ့တဲ့ အသိပညာ အတတ်ပညာများ ဆုံးမသွန်သင် လမ်းညွှန်မှုများကို အကောင်အထည်ဖော် ဆောင်ရွက်ကြမည်ဆိုလျှင်

မိမိတို့ရဲ့ဘဝသက်တမ်းသာ ကုန်ဆုံးသွားပေမယ်လို့ အသိပညာ၊အတတ်ပညာများဟာ မကုန်ဆုံးနိုင်ပါဘူး။ အဲဒီလို မိမိတို့ဘဝကောင်းစားရေး၊ ချမ်းသာရေးအတွက် မိဘများ ပေးအပ်ခဲ့တဲ့ အသိပညာ အတတ်ပညာ ဆုံးမသွန်သင် လမ်းညွှန်မှုများကို လိုက်နာကျင့်သုံး အကောင်အထည် ဖော် ဆောင်ရွက်ကြတဲ့ သား၊သမီးများဟာ သားလိမ္မာ သမီးလိမ္မာများဖြစ်တဲ့အတွက် မိဘရဲ့ အမွေအနှစ်ကို ခံယူနိုင်ကြပါတယ်။

မိဘများကို ကလန်ကဆန် ဆန့်ကျင်ဘက်လုပ် အမျိုးမျိုး စိတ်ဆင်းရဲအောင် နှိပ်စက်နေကြတဲ့ သား၊ သမီးကတော့ သားဆိုး၊သမီးဆိုးဖြစ်တဲ့အတွက် မိဘရဲ့ အမွေအနှစ်ကို ခံယူခွင့်မရှိပါဘူး။

လောကမျက်မြင်အနေနဲ့လဲ ဒီအတိုင်းပါဘဲ သားလိမ္မာ၊ သမီးလိမ္မာများဟာ မိဘချမ်းသာလျှင် သားစဉ်မြေးဆက် ချမ်းသာကြပါတယ်။ မိဖများ ဆင်းရဲသည့်တိုင်အောင် မိမိတို့ရဲ့ ကံ၊ ဉာဏ်၊ ဝီရိယ တို့ဖြင့် ဆုံးမသွန်သင် လမ်းညွှန်ချက်များကို အကောင် အထည်ဖော် ဆောင်ရွက်နိုင်ကြတဲ့အခါ ကြီးပွား ချမ်းသာ လာကြပါတယ်။

သားဆိုး၊သမီးဆိုးတွေကြတော့ တတ်နိုင်လို့

မိဘတွေက ဘယ်လောက်ပဲ ပံ့အောပေးပေး သူတို့ လက်ထဲ ပစ္စည်းများရောက်လာလျှင် ကြီးပွား တိုးတက် အောင် မဆောင်ရွက်နိုင်ကြပါဘူး။ တတိတတိနဲ့ ဆုတ်ယုတ်ပျက်စီးပြီး အခြေအနေမဲ့သည့်တိုင်အောင် ဆုတ်ယုတ်ပျက်စီး သွားကြပါတယ်။ အဲဒီလို မဖြစ်ရ အောင် မိမိတို့ တိုးတက်ကြီးပွားရေးအတွက် မိဘများရဲ့ ဆုံးမသွန်သင် လမ်းညွှန်ချက်များကို လိုက်နာ ကျင့်သုံး အကောင်အထည်ဖော် ဆောင်ရွက်နေကြခြင်းသည် သားလိမ္မာ,သမီးလိမ္မာများ ဆောင်ရွက်ကြရမည့် နံပါတ်(၃) တာဝန်ဖြစ်ပါတယ်။

နံပါတ် (၄)က "**လှူမျှဝေ၍**"-

မိဖများ ကွယ်လွန်သွားတဲ့အခါ အလှူဒါန ပြုကြ ပြီး အမျှပေးဝေကြခြင်းဖြစ်ပါတယ်။ ဘာဖြစ်လို့ အမျှဝေရသလဲဆိုလျှင်-

မိမိတို့မှာ ခန္ဓာဝန်ရှိနေကြတဲ့အတွက် ခန္ဓာကို ကျွေးမွေး ပြုစုစောင့်ရှောက်ဖို့အတွက် နေ့စဉ်လုပ်ကိုင် ဆောင်ရွက်နေကြတဲ့ လုပ်ငန်းတာဝန်တွေ များစွာရှိ ပါတယ်။ နောက် မိသားစုဆိုတဲ့ သံယောဇဉ်တွေကလည်း ရှိပါတယ်။ နောက် မိမိတို့ပိုင်ဆိုင်ကြတဲ့ ပစ္စည်းဉစ္စာတွေ

ရှိကြပါတယ်။ ကွယ်လွန်ခါနီးမှာ အဲဒီအထဲက တစ်မျိုးမျိုးကို စွဲလန်းပြီး ကွယ်လွန်သွားလျှင် တဏှာဆိုတဲ့ ပြိတ္တာဘဝကို ရောက်ရှိသွားနိုင်ကြပါတယ်။ အကယ်၍ အဲဒီ ပြိတ္တာဘဝကို ရောက်ရှိသွားလျှင် သာဓုခေါ်နိုင်တဲ့ ဘုံဘဝမှာ ဖြစ်နေလျှင် ယနေ့ပြုလုပ်နေကြတဲ့-

- **ဆွမ်း,ခဲဖွယ် ဘောဇဉ် အလှူဒါန**ကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုနိုင်ခြင်းကြောင့် နတ်၌ဖြစ်သော ခဲဘွယ်ဘောဇဉ်များကို ရရှိသုံးဆောင်ခံစားနိုင်ပါလိမ့်မယ်။
- **သင်္ကန်းအလှူဒါန**ကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ခြင်းကြောင့် နတ်၌ဖြစ်သော ဝတ်ဆင်ဘို့ရာ အဝတ်တန်ဆာများကို ရရှိသုံးဆောင်နိုင်ပါလိမ့်မယ်။
- **ထီး,ဖိနပ်,ယပ်တောင်**များသည် ရဟန်းတော်များအတွက် ယာဉ်များဖြစ်ပါတယ်။ အဲဒီ ယာနဒါနကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ခြင်းကြောင့် နတ်၌ဖြစ်သော ယာဉ်အမျိုးမျိုး, ချမ်းသာအမျိုးမျိုးတို့ကို ရရှိသုံးဆောင် ခံစားနိုင်ပါတယ်။
- **အုန်း,ငှက်ပျောအလှူဒါန**ကို ဝမ်းမြောက်ဝမ်းသာ သာဓု ခေါ်ခြင်းကြောင့် နတ်၌ဖြစ်သော သီးမျိုးစုံ ဉယျာဉ်များကို ရရှိခံစားနိုင်ပါတယ်။

- **အသုံးအဆောင်ပစ္စည်းအလှူဒါန**ကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ခြင်းကြောင့် နတ်၌ဖြစ်သော အသုံးအဆောင် ပစ္စည်းများစွာကို ရရှိခံစားနိုင်ပါတယ်။

အဲဒီလို စည်းစိမ်းချမ်းသာအမျိုးမျိုးကို ရရှိခံစားနိုင်တာကို အရပ်စကားအနေနဲ့ "**ကောင်းရာသုဂတိရောက်ရှိသွားပြီလို့**" ဆိုပါတယ်။ အဲဒါကြောင့် ကွယ်လွန်သွားသည့် မိဘများကို ရည်စူးပြီး အလှူဒါနပြုလုပ် အမျှပေးဝေကြခြင်းသည် သားလိမ္မာ၊ သမီးလိမ္မာများအနေနဲ့ မဖြစ်မနေ လုပ်ကိုင်ဆောင်ရွက်ပေးရမည့် တာဝန်ဝတ္တရားဖြစ်ပါတယ်။

အဲဒါကြောင့် မိမိတို့ဟာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြတဲ့အတွက် ဘဝသက်တမ်းတလျှောက် စုဆောင်းခဲ့ကြတဲ့ ဒါနကောင်းမှုတွေရှိကြပါတယ်။ ခန္ဓာကိုယ်နဲ့အသက်နဲ့ရင်းနှီးပြီး စုဆောင်းလာခဲ့ကြတဲ့ သရဏဂုံသုံးပါးနဲ့ ငါးပါးသီလစတဲ့ ကောင်းမှုတွေရှိကြပါတယ်။ အဲဒီဒါနကောင်းမှု သီလကောင်းမှုများကို မေ့မေ့ပျောက်ပျောက် မနေကြရဘူး။ အမြဲတမ်း နေ့စဉ်နေ့စဉ် သတိရအောက်မေ့ ပွားများနေကြရမှာဖြစ်ပါတယ်။

ဒါနကောင်းမှုဆိုလျှင် နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ဘယ်တုန်းက ဘာတွေလှူခဲ့တယ်- အစရှိသည်ဖြင့် ကုသိုလ်စာရင်း တစ်ခုဖွင့်ထား၊ အားလပ်ခွင့်ရတိုင်း အဲဒီကုသိုလ်စာရင်းလေးကို ပြန်ပြန်ပြီး ဖတ်ပေး အဲဒီလို **ဒါနကောင်းမှုများကို ပြန်လည် သတိရအောက်မေ့နေတာကို 'စာဂါနုဿတိဘာဝနာ'** လို့ ခေါ်ပါတယ်။ အဲဒီလို ဒါနကောင်းမှုများကို ဘာဝနာဖြစ်အောင် ပွားများနေလျှင် မိမိတို့ နှလုံးသားမှာ မိမိတို့ လုပ်ဆောင်ချက်များကို အာရုံပြုပြီး ကြည်နူးမှု၊ နှစ်သက်မှု၊ ကျေနပ်မှု၊ ဝမ်းမြောက်မှု၊ စိတ်ချမ်းသာမှု၊ စိတ်ကြည်လင်မှု၊ စိတ်တည်ကြည်မှု အစရှိတဲ့ သဘာဝတွေ အဆင့်ဆင့်ဖြစ်ပေါ်လာပါလိမ့်မယ်။ အဲဒီသဘာဝတွေ ဖြစ်ပေါ်တာကို ကုသိုလ်ရတယ်လို့ ခေါ်ပါတယ်။

အဲဒီ ကုသိုလ်သဘာဝတွေ အကြိမ်များစွာ ဖြစ်ပေါ်နေလျှင် အကုသိုလ်တွေ မဖြစ်နိုင်ပါဘူး။ ကုသိုလ်တွေ အကြိမ်များစွာ ဖြစ်နေလျှင် ကုသိုလ်စေတနာတွေ အားကောင်းလာပါလိမ့်မယ်။ ကုသိုလ်စေတနာ အားကောင်းလာတဲ့အတွက် အကုသိုလ်စေတနာတွေ အားနည်းသွားပါလိမ့်မယ်။

အကုသိုလ်စေတနာတွေ အားနည်းသွားပြီး

ကုသိုလ်စေတနာတွေ အားကောင်းလာတဲ့အတွက် မိမိတို့ ဆောင်ရွက်နေတဲ့လုပ်ငန်းတွေ အောင်မြင် ပြီးစီးလာပါလိမ့်မယ်၊ အဲဒါကို ကုသိုလ်စေတနာကြောင့် ပစ္စည်းဥစ္စာတွေ တိုးတက် ကြီးပွားလာတယ်လို့ ခေါ်ပါတယ်။

ဘယ်သူမဆို ကွယ်လွန်သွားတဲ့

ဖခင်ကြီးဦး ........................

မိခင်ကြီးဒေါ် ......................လိုပဲ

ကွယ်လွန်ချိန်ရောက်လျှင် ကွယ်လွန်ကြရမှာဖြစ်ပါတယ်။ အဲဒီ ကွယ်လွန်ခါနီးတဲ့အခါ ဘာဝနာကုသိုလ်ဖြစ်အောင် ပွားများထားတဲ့ ကုသိုလ်စေတနာတွေ လွယ်လွယ်ကူကူ ထင်မြင်လာပါလိမ့်မယ်။ ထင်မြင်လာတဲ့ ကုသိုလ်စေတနာတွေကို အရုံပြုပြီး ကုသိုလ်စိတ်နဲ့ ကွယ်လွန်သွားတဲ့အတွက် လူ့ဘဝ၊ နတ်ဘဝ၊ သုဂတိဘဝတစ်ခုခုကို ရောက်ရှိပါလိမ့်မယ်၊ သုဂတိဘဝတစ်ခုခုကို ရောက်ရှိသွားလျှင် အပါယ်လေးပါးသို့ မရောက်ရှိတော့ပါဘူး။

အဲဒီတော့ မိမိတို့ရထားတဲ့ ကုသိုလ်စေတနာဟာ ကုသိုလ်ရှင်ကို မသေခင်မှာ ချမ်းချမ်းသာသာ နေနိုင်အောင်၊ ကွယ်လွန်တဲ့အခါ ကောင်းရာသုဂတိရောက်ရှိအောင် ဆောင်ရွက်ပေးနိုင်တဲ့အတွက် မိမိတို့အပေါ်မှာ အလွန် စိတ်ချရတဲ့ အလွန်သစ္စာရှိတဲ့ မိတ်ဆွေကောင်း

လိုပါဘဲ။ အဲဒါကြောင့် မိတ်ဆွေကောင်းသဖွယ်ဖြစ်တဲ့ ကုသိုလ်စေတနာကို နေ့စဉ်နေ့တိုင်း အချိန်ရတိုင်း အချိန်ရတိုင်း သတိရပွားများနေကြရမှာ ဖြစ်ပါတယ်။ စာဂါနုဿတိ ဘာဝနာကို ကုသိုလ်ဖြစ်အောင် ပွားများကြပါ။

အခုဆောက်တည်ခဲ့တဲ့ သရဏဂုံသုံးပါးကိုလည်း အခုလို ကုသိုလ်ပြုတဲ့အခါမှာ ဘုရားရှိခိုးတဲ့အခါတင် မကပါဘူး ခရီးသွားနေတဲ့အခါ အလုပ်လုပ်နေတဲ့အခါ တွေမှာလဲ နှုတ်ကဖြစ်စေ စိတ်ထဲကဖြစ်စေ '**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ**'လို့ ပွားများနေလျှင် ဗုဒ္ဓါနုဿတိဘာဝနာ ကုသိုလ် ဖြစ်ပါတယ်။ '**ဓမ္မံ သရဏံ ဂစ္ဆာမိ**' လို့ ပွားများနေလျှင် ဓမ္မာနုဿတိဘာဝနာ ကုသိုလ်ဖြစ်ပါတယ်၊ '**သံဃံ သရဏံ ဂစ္ဆာမိ**'လို့ ပွားများနေလျှင် သံဃာနုဿတိဘာဝနာ ကုသိုလ်ဖြစ်ပါတယ်။ ဘာဝနာကုသိုလ်ဖြစ်လျှင် ဘေးအန္တရာယ်တွေ ကင်းရှင်းပြီး ချမ်းသာအမျိုးမျိုးကို ရရှိခံစား ရပါလိမ့်မယ်။ ကွယ်လွန်ခါနီး ပွားများရင်း ကွယ်လွန် ခဲ့လျှင် ကောင်းရာသုဂတိသို့ ရောက်ရှိနိုင်ပါတယ်။

ငါးပါးသီလကိုလည်း ဘယ်အသက် ဘယ် အရွယ်ကစပြီး ဆောက်တည်ကျင့်သုံးခဲ့တယ်၊ ဘယ်လို

ကျင့်သုံးခဲ့တယ်၊ ဘယ်နှစ်ပါးထိအောင် စောင့်ထိန်းနိုင်ခဲ့တယ်-အစရှိသည်ဖြင့် နေ့စဉ်နေ့စဉ် သတိရ ပွားများရမှာဖြစ်ပါတယ်။ မိမိရဲ့ ကိုယ်ကျင့်သီလ စောင့်ထိန်းမှုကို သတိရ ပွားများနေခြင်းဟာ **'သီလာနုဿတိဘာဝနာ'** ကုသိုလ်ဖြစ်ပါတယ်။

ဒါနကုသိုလ်၊သရဏဂုံသီလကုသိုလ်တွေကို ဘာဝနာကုသိုလ်ဖြစ်အောင် ပွားများနေလျှင် အပါယ် အစရှိသော ဆင်းရဲကင်းကွာ ချမ်းသာအမျိုးမျိုးကို ရရှိခံစားရမှာဖြစ်ပါတယ်။

အခု(ဒါယကာကြီးဦး ....................
ဒါယိကာမကြီး ဒေါ်..............................)လဲ မိမိ၏ ကောင်းမှု ကုသိုလ်တွေကို အာရုံပြုပြီး ကုသိုလ်စိတ်နဲ့ ကွယ်လွန်သွားလျှင် သုဂတိဘဝ တစ်ခုခုကို ရရှိခံစားနေရပါပြီ။ သာဓုခေါ်နိုင်တဲ့ ဘဝကနေပြီး ယနေ့ပြုလုပ်တဲ့ ကုသိုလ်ကောင်းမှုကို သာဓုခေါ်ဆိုလျှင် ပြောခဲ့တဲ့ သုဂတိချမ်းသာများကို ရရှိခံစားရမှာဖြစ်ပါတယ်။

ဒါကြောင့် ကွယ်လွန်ပြီးတဲ့ မိဘများကို အလှူဒါန ပြုလုပ်ကြပြီး အမျှပေးဝေခြင်းဟာ သားလိမ္မာ၊ သမီးလိမ္မာများ မဖြစ်မနေ လုပ်ကိုင်ဆောင်ရွက်ပေးရမည့် နံပါတ် (၄)တာဝန် ဖြစ်ပါတယ်။

နံပါတ် (၅)က **"စောင့်လေမျိုးနွယ်"**-

မိမိတို့၏ အမျိုးအနွယ်ကို မတိမ်ကော မပ. ပျောက်ရအောင် ထိန်းသိမ်းစောင့်ရှောက်ကြရမှာဖြစ်ပါတယ်။ အမျိုးအနွယ်ကို ထိန်းသိမ်း စောင့်ရှောက်ရာမှာ မိဘ ဖိုးဖွားလက်ထက်က ဆင်းသက်လာခဲ့တဲ့ ကောင်းတဲ့ အစဉ်အလာတွေ ကောင်းတဲ့ဓလေ့ထုံးစံတွေ သာသနိက အဆောက်အအုံတွေရှိပါတယ်။ အဲဒီအစဉ်အလာ ဓလေ့ ထုံးစံကောင်းတွေဟာ ဘယ်လောက်ပဲ ကောင်းနေနေ ဆက်ခံကြတဲ့ သားသမီးများအနေနဲ့ အကောင်အထည်ဖော် မဆက်ခံ မဆောင်ရွက်ခဲ့ကြလျှင် လွယ်လွယ်ကူကူ ပျက်စီး ကွယ်ပသွားမှာဖြစ်ပါတယ်။ အမျိုးအနွယ်ရဲ့ အစဉ်အလာကောင်းတွေ ဓလေ့ထုံးစံကောင်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ သာသနိက အဆောက်အအုံတွေကို ပြုပြင်ထိန်းသိမ်းခြင်းဟာ အမျိုးအနွယ်ကို ထိန်းသိမ်း စောင့်ရှောက်ခြင်းဖြစ်ပါတယ်။

နောက်တစ်ခု မိသားစုများ ရှိကြပါတယ်။ ဒီမိသားစုများဟာ ဒကာကြီး ဒကာမကြီးများ ရှိစဉ်တုန်း ကလိုပဲ အချင်းချင်း စည်းလုံးညီညွတ်မှုရှိကြမယ်၊ မိဖများပိုင်ဆိုင်တဲ့ ပစ္စည်းများကိုလည်း မိဖများရှိတုန်း ကလိုပဲ ဖြစ်နိုင်လျှင် အခြေအနေ မပျက်စေရဘူး။

တတ်နိုင်လျှင် မိဘလက်ထက်ကထက် ပိုပြီးတိုးတက် ကြီးပွားအောင် လုပ်ကိုင်ဆောင်ရွက်ကြရမယ် အဲဒီလို အမျိုးအနွယ်၊ ဓလေ့ထုံးစံ ပစ္စည်းဥစ္စာတွေ မိဘလက် ထက်ကထက် ပိုပြီး တိုးတက်အောင် ကြီးပွားအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းဟာ အမျိုးအနွယ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းပဲဖြစ်ပါတယ်။

အဲဒီလို မိဘများ အသက်ထင်ရှားရှိနေစဉ် မိဘများကို လိုလေသေးမရှိရအောင် ပြုစုလုပ်ကျွေးခြင်း မိဘများ လုပ်ကိုင်ဆောင်ရွက်ခဲ့တဲ့ မိသားစု စီးပွားရေးလုပ် ငန်းများကို ကျရာအခန်းကဏ္ဍက မိဘများလက်ထက် ကထက် ပိုပြီးတိုးတက်ကြီးပွားအောင် လုပ်ကိုင်ဆောင် ရွက်ကြခြင်း၊ မိမိတို့ဘဝ ကောင်းစားရေး ကြီးပွားရေး အတွက် မိဘနှစ်ပါး၏ ဆုံးမသွန်သင် လမ်းညွှန်ချက်များ ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ကွယ်လွန် ပြီးတဲ့ မိဘများကို ရည်စူး၍ ကောင်းမှုကုသိုလ် ပြုလုပ်ပြီး အမျှပေးဝေခြင်း၊ မိဘဖိုးဖွားများလက်ထက်က ဆင်းသက် လာခဲ့တဲ့ ကောင်းတဲ့အမျိုးအနွယ် ဓလေ့ထုံးစံ ပစ္စည်းဥစ္စာ များကို မိဘများလက်ထက်ကထက် ပိုပြီး ကြီးပွား တိုးတက်အောင်လုပ်ကိုင်ဆောင်ရွက်ခြင်း၊ သာသနိက အဆောက်အအုံများရှိလျှင် ပြုပြင်ထိန်းသိမ်းခြင်းဆိုတဲ့

တရားငါးပါးကို ကျင့်သုံးလိုက်နာဆောင်ရွက်မှုကို ပြုကြလျှင် -

ဣဓေဝ နံ

ပသံသန္တိ = ပစ္စုပ္ပန်လောက ယခုဘဝမှာပင် ပတ်ဝန်းကျင်ရဲ့ ချစ်ခင်လေးစားမှု မြတ်နိုးမှု မိမိတို့ ဆောင်ရွက်နေတဲ့ လုပ်ငန်းများ အောင်မြင်မှုတို့ ရရှိခြင်း။

ပေစ္စ သဂ္ဂေ

ပမောဒတိ = ကွယ်လွန်သည်၏ အခြားမဲ့၌ မိဘတို့ကို ပြုစုလုပ်ကျွေးခဲ့သည့် ကောင်းမှုကြောင့် သုဂတိ ဘဝသို့ ရောက်ရှိခြင်း၊ အပါယ်လေးပါးမှ ကင်းလွတ်ခြင်း အစရှိသော အကျိုးတို့ကို ရရှိခံစားရလိမ့်မယ်လို့ -

ဟောတော်မူတဲ့ ဘုရားရှင်၏ ဒေသနာတော်မြတ်ကို အာရုံပြုကြပြီး ဤယနေ့ယခု ပြုပြုသမျှ ကောင်းမှုအဝဝတို့ကို ကွယ်လွန်ပြီးသော အနန္တ ကျေးဇူးရှင်(ဖခင်ကြီး ဦး ............../ မိခင်ကြီး ဒေါ် .......... )သည် ဖြစ်ရာဘဝ ဘုံဌာနက ဝမ်းမြောက်ဝမ်းသာ သာဓု

ခေါ်ဆိုခြင်းကြောင့် ဆင်းရဲကင်းကွာ ချမ်းသာအမျိုးမျိုးတို့ကို ရရှိခံစားနိုင်ပါစေ - လို့ အာရုံပြုပြီး အမျှဝေကြရအောင် -

ကျေးဇူးတော်ရှင် မဟာတိပိဋကဓရ မင်းကွန်းဆရာတော်ဘုရားကြီးက -

**အပ္ပမတ္တာ သဒါ ဟောထ၊ ဉတ္တာ သခ်ီရ ဓမ္မတံ။**
**သကိစ္စမနုယုဉ္ဇေထ၊ နတ္ထိ နော မစ္စုသင်္ဂရံ။** - ဟု ဟောကြားတော်မူခဲ့ပါတယ်။

**ဘောန္တော** = နှလုံးပျော့ပျောင်း အိုသူတော်ကောင်းတို့။

**သခ်ီရဓမ္မတံ** = ကိုယ်ကဲ့သို့ ဖြစ်လိုတုံလည်း တဖုံဆင်ကွဲ သူတစ်နဲ့ဖြင့် ဖောက်လွဲတတ်စွာ ရုပ်နာမ်ဓမ္မ သခ်ီရတို့၏ ဓမ္မတာကို။

**ဉတ္တာဓာနာထ** = ကိုယ်စီကိုယ်ငှ အစွမ်းတတ္တ ဝယ် ဉာဏစက္ခု မျှော်ထောက်ရှု၍ ယခုပင်လျှင် သိမြင်အောင် ကြိုးကုတ်အားထုတ်ကြပါကုန်လော့။

**ဉတ္တာ** = ကိုယ်စီကိုယ်ငှ အစွမ်းတတ္တဝယ် ဉာဏ

စက္ခု မျှော်ထောက်ရှု၍ ယခုပင်လျှင် သိမြင်အောင် ကြိုးကုတ်အားထုတ်ကြပြီးလျှင်။

သဒါ = နေ့စဉ်ဆက်ကာ ခပ်သိမ်းသော အခါကာလ၌။

အပ္ပမတ္တာ = အပ္ပမာဒတရား လက်ကိုင်ထားကြကုန်သည်။

အပ္ပမတ္တာ = ကုသိုလ်ဆယ်ခု မြတ်ကောင်းမှု၌ ဂရုကတ ကြိုးလုံးလသည့် အပ္ပမာဒတရား လက်ကိုင်ထားကြကုန်သည်။

အပ္ပမတ္တာ = မမျှော်လင့်ဘဲ၊ ဖြုန်းကနဲ၊ ရောက်စွဲနှာဗျာဓိ။ မမျှော်လင့်ဘဲ၊ သူ၏နဲ၊ အိုလဲအိုနိုင်၏။ မမျှော်လင့်ဘဲ၊ သူ၏နဲ၊ ဖောက်လွဲ သေနိုင်၏ဟု သတိလိုက်လှဲ စိတ်ဝယ်စွဲကြကုန်သည်။

ဟောထ = ဧကန်စစ်စစ် ဖြစ်ကြပါကုန်လော့။

နော = တဏှာမာရ်ညွှတ် ခန္ဓာဝဋ်မှ ကျွတ်ရန် ရည်ချွေ တို့တစ်တွေအား။

နော = တဏှာတည်းဟူသော မာရ်မင်း၏

ညွတ်တွင်း ခန္ဓာတည်းဟူသော
သံသရာဝဋ်အတွင်းမှ လွတ်ကင်းရန်
ရည်ရွယ် တို့တစ်တွေအား။

**မစ္ဆုညာဂံရံ** = မစ္ဆုမြည်လျှင်း ရှင်သေမင်းနှင့်
အတွင်းကျိတ်ပူး မိတ်ရည်လူး၍
နှစ်ဦးနှစ်ဖက် ချိတ်အဆက်ဖြင့်
ဤရက်ခါမူ သေအံ့ဟူ၍၊ ဤလ
ခါမူ သေအံ့ဟူ၍၊ ဤနှစ်ခါမူ
သေအံ့ဟူ၍၊ နှစ်ဦးသဘောတူ
အချိန်းအချက် စာချုပ်စာတမ်း
စာရွက်တို့နှင့် လက်ဆောင်တံစိုး
ထိုး၍ထားခြင်းသည်။

**နတ္ထိ** = မရှိကောန် လူတိုင်းမှန်ပေ၏။

**တသ္မာ** = ထို့ကြောင့်။

**သကိစ္စံ** = ခုဝတ္တာမာန် ပစ္စုပ္ပန်နှင့် တမလွန်
နောက်နှောင်း တောက်လျှောက်
ကောင်းအောင် ရွယ်ချောင်းဆုပန်
စိတ်ရည်သန်၍ နှစ်တန်သော
လောက ဓမ္မစီးပွား ကိုယ့်ကိစ္စများ
ကို။

**အနုယုဥ္စေ့ါ** = လုံ့လကြိုးကုတ် အားထုတ်ကြပါ ကုန်လော့။

**အနုယုဥ္စဝေါ** = ရုပ်နာမ်နှစ်ပြင် ကိုယ်ဖြစ်ချင်သလို မဖြစ်ကြရ၊ သူတို့ဖြစ်ချင်သလို ဖြစ်ကြတဲ့ သဘာဝသူ့ဉာဉ်ကို သမ္မာဉာဉ်နိူင်းညှိ အမှန်အတိုင်း သိကြ၍ မိမိတို့ဆိုင်ရာ နှစ်ဖြာသော လောကဓမ္မစီးပွား ကိုယ့်ကိစ္စများကို ရှည်လျားကာလ အချိန်ကို မဆွဲကြဘဲ ယခုကပင် အရေးတွင်အောင် ကြိုတင်ကာကြိုးကုတ် သိမြင်အောင် အားထုတ်တော်မူကြပါကုန်လော့။

ရေစက်မချင် လျှုဘွယ်ဝတ္ထုတို့ကို ဆက်ကပ် လျှုဒါန်းကြရအောင် လိုက်ဆိုကြ ...

'**သံဃဿ ဒေမ**= သံဃာတော်အား လျှုဒါန်းပါ၏။ ဤကောင်းမှုသည် ဘဝတမလွန် ပြောင်းရွှေ့ကွယ်လွန်သွားသော အနန္တကျေးဇူးရှင် (ဖခင်ကြီး ဦး··········၊ မိခင်ကြီး ဒေါ်·········· )သည် ဖြစ်ရာဘဝ ဘုံဌာနက

ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ရ၍ ဖြစ်စေ၊ တဆင့်စကားနတ်တို့၏ အဆက်ဆက်ပြောကြားသောအားဖြင့် ကြားသိရ၍ဖြစ်စေ 'ငါ့အား ရည်မှန်း၍ လှူဒါန်းကြပေကုန်၏' ဟု ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုခြင်းကြောင့် ဆင်းရဲကင်းကွာ ချမ်းသာအမျိုးမျိုးတို့ကို အလိုရှိသလို ရရှိခံစားနိုင်ပါစေ။

## ရေစက်ချရအောင် လိုက်ဆိုကြ

အရှင်ဘုရား ········· တပည့်တော်များသည် မိဘတို့က ပြုခဲ့ဘူးသော မွေးကျေးဇူးကို သိရှိသော သိနေကြသော သား/သမီး သာမန် မဟုတ်ကြမူ၍ သိသည့်အလျောက် တုံပြန်နောက်ထပ် ကျေးဇူးဆပ်ခြင်းငှာ စွမ်းနိုင်သော သားသမီးကောင်း မြေးမြစ်ကောင်း အဖြစ်၌ ရပ်တည်ကြကုန်ပြီးလျှင် ''ကွယ်လွန်ပြီးသော မိဘတို့အား အလှူဒါနပြုကြပြီးလျှင် အမျှပေးဝေရမည်'' ဟု ဘုရားရှင်သည် ဟောကြားတော်မူအပ်သော ထိုကျင့်ဝတ်ကို ဖြည့်ကျင့်ခြင်းငှာ အလိုရှိကြကုန်သည် ဖြစ်ပါကုန်၍ ဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်များနှင့် ဓမ္မမိတ်ဆွေ သူတော်စင်တို့ကို မင်္ဂလာရှိသော ဤနေအိမ်သို့ ရိုရိုသေသေ ပင့်ဖိတ်ပြီးလျှင် ရှေးဦးစွာ နေရာအလှူကို ပေးလှူကြပါကုန်၏။

သရဏဂုံသုံးပါးနှင့် ငါးပါးသီလကို ဆောက်တည် ကျင့်သုံး ပွားများကြပါကုန်၏။ သီလရှိသော အလှူရှင်အဖြစ်၌ ရပ်တည်ကြကုန်ပြီးလျှင် ဘုရားအမျိုးရှိသော သံဃာတော်၏ သီလဂုဏ်၊သမာဓိဂုဏ်၊ပညာဂုဏ်တို့ကို ရည်မှန်း၍ ကောင်းမြတ်သော အရသာတို့နှင့် ပြည့်စုံအောင် မွန်မွန်မြတ်မြတ် ချက်ပြုတ် စီမံအပ်ကုန်သော အလှူခံပုဂ္ဂိုလ် အလှူရှင်ပုဂ္ဂိုလ် နှစ်ဦးလုံးတို့အား မွန်မြတ်သော အသက်ရှည်ခြင်း၊အဆင်းလှခြင်း၊ချမ်းသာများခြင်း၊ ခွန်အားကြီးခြင်း ဉာဏ်ပညာကြီးမားခြင်းဟူသော အကျိုးတရားငါးပါးတို့ကို ရရှိခံစားစေနိုင်သော (အရဏ်ဆွမ်း/နေ့ဆွမ်း) ခဲဖွယ် ဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာ အစုစုဖြစ်ပေါ်လတ္တံ့သော ဆွမ်း၊သင်္ကန်း၊ကျောင်း၊ ဆေးပစ္စည်းလေးပါးအလို့ငှာ နဝကမ္မအလှူတော်ဝတ္ထုများ သင်္ကန်း၊ထီး၊ဖိနပ်၊ ယပ်တောင် အစရှိသော လှူဖွယ်ဝတ္ထု အစုစုတို့ကို ဝမ်းမြောက်ဝမ်းသာ သဒ္ဓါကြည်ဖြူကပ်လှူပူဇော်ကြပါကုန်၏။

- အုန်းငှက်ပျောတို့ကိုလည်း တရားတော်ရတနာအား လှူဒါန်း ပူဇော်ကြပါကုန်၏။
- ကြွရောက်လာသော ပရိသတ်အားလည်း ဧည့်ခံကျွေးမွေး လှူဒါန်းကြပါကုန်၏။

- ပရိတ်တရားတော်၊ အနုမောဒနာ ဒေသနာတော် မြတ်ကို ရိုရိုသေသေ နာယူကြပါကုန်၏။
- တပည့်တော်များသည် ဤယနေ့ယခု ပြုလုပ် အားထုတ်အပ်သော ဥစ္စာစီးပွား၏ အနှစ်သာရ ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာကောင်းမှု ကုသိုလ် ကံစေတနာ။
- ခန္ဓာကိုယ်၏ အနှစ်သာရ သီလကောင်းမှု ဝေယျာဝစ္စကောင်းမှု၊
- ဘဝ၏ အသက်ရှည်ခြင်း၏ အနှစ်သာရ ဘာဝနာ ကောင်းမှု ကုသိုလ်ကံ စေတနာသည် သာသနာ တော်၏ အနှစ်ဖြစ်သော အရဟတ္တဖိုလ် နိဗ္ဗာန်ကို ရရှိခံစားနိုင်ရန်ဖြစ်ပါစေ။
- ထိုမှတပါးလည်း ဘဝတမလွန် ပြောင်းရွှေ့ ကွယ်လွန်ပြီးသော အနန္တကျေးဇူးရှင် (ဖခင်ကြီးဦး ......./ မိခင်ကြီး ဒေါ်.......... )၏ ဖြစ်ရာဘဝ ဘုံဌာနက ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုခြင်းကြောင့် ဆင်းရဲကင်းကွာ ချမ်းသာ အမျိုးမျိုးတို့ကို အလိုရှိသလို ရရှိခံစား သုံးဆောင် နိုင်ရန်ဖြစ်ပါစေ။
- ထိုမှတပါးလည်း တပည့်တော်တို့၏ ကိုယ်တွင်း

ကိုယ်ပ အိမ်တွင်းအိမ်ပ ခြံတွင်းခြံပ လုပ်ငန်းဆောင်တာ အ၀၀တို့၌ ဖြစ်ပေါ်ကျရောက်ဆဲ ကျရောက်လတံ့သော မကောင်းသော ရောဂါဥပဒ် အန္တရာယ် အနှောက်အယှက် ရန်အသွယ်သွယ်တို့သည် ကင်းစင်လွင့်ပ ပျောက်ပျက်ကုန်သည် ဖြစ်ပါစေသား၊ ကောင်းကျိုးချမ်းသာ လောကီ, လောကုတ္တရာ စီးပွားဥစ္စာ ရတနာတို့သည် တစ်နေ့တစ်ခြား တိုးတက်စည်ကား ပွားများပြီးလျှင် သူတော်ကောင်းတရားကို ပွားများ အားထုတ်နိုင်ကြသဖြင့် ဆင်းရဲကင်းကွာ ချမ်းသာ အမျိုးမျိုးတို့ကို ရရှိခံစား သုံးဆောင်နိုင်ရန်ဖြစ်ပါစေ။

- ဤကောင်းမှု ဤကုသိုလ်ကံစေတနာ၏ အဖို့ဘာဂကို အထူးအားဖြင့် ဘဝတမလွန် ပြောင်းရွှေ့ကွယ်လွန်ပြီးသော (ဖခင်ကြီးဦး ...../ မိခင်ကြီးဒေါ် ....... ) အား အမှူးထား၍ မိဘဖိုးဖွား ဆရာသမားတို့နှင့်တကွ ဤယခု စည်းဝေးနေကြသော ပရိသတ်တို့အားလည်းကောင်း၊ ကိုယ်စောင့်နတ်များ၊ အိမ်စောင့်နတ်များ၊ မြို့/ရွာစောင့်နတ်များ၊ လောကစောင့်နတ်များ အစရှိ

သော အမျိုးမျိုးသော ဆိုင်ရာဆိုင်ရာ နတ် အပေါင်းတို့အားလည်းကောင်း။ သိကြားနတ်မင်း၊ ယမမင်း၊ လူမင်းတို့အားလည်းကောင်း။ ဘုံသုံးပါး၌ ထင်ရှားရှိကုန်သော အလုံးစုံသော သုခိတ, ဒုက္ခိတ သတ္တဝါအပေါင်းတို့အားလည်းကောင်း အမျှပေးဝေပါကုန်၏။ အမျှပေးဝေပါကုန်၏။ အမျှပေးဝေပါကုန်၏။ ဤကောင်းမှု အစုရကြကုန်၍ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ကြကုန်၍ ဆင်းရဲကင်းကွာ ချမ်းသာကြပါစေ။

-----------ooo------------

# မိဘနှင့်စပ် သိမှတ်ဖွယ်ရာ ပါဠိတော်, အဋ္ဌကထာလာ စကားရပ်များ

**မာတာ နာမ ဇနိကာ ဝုစ္စတိ။**

ဇနိကာ= အမိအရင်းကို။ မာတာ နာမ= မာတုမည်၏ ဟူ၍ ဝုစ္စတိ=ဆိုအပ်၏။

**တထာ ပိတာ။**

တထာ=ထိုမှတစ်ပါး။

ပိတာ=အဖအရင်းကို။ ဇနကော= ဇနကဟူ၍။ ဝုစ္စတိ= ဆိုအပ်၏။

(ခုဒ္ဒကဋ္ဌ။၁၁၅။ သုတ္တနိဋ္ဌ၊၂။၂၀။)

**ဥပဋ္ဌာနံ နာမ ပါဒဓောဝန သမ္ဗာဟနုစ္ဆာဒနနှာပနေဟိ စတုပစ္စယသမ္ပဒါနေန စ ဥပကာရကရဏံ။**

(ခုဒ္ဒကဋ္ဌ။၁၁၅။ သုတ္တနိဋ္ဌ၊၂။၂၀။)

ပါဒဓောဝန သမ္ဗာဟနုစ္ဆာဒနနှာပနေဟိစ= ခြေဆေးပေးခြင်း၊ အညောင်းအညာပြေစေရန် နှိပ်နင်းပေးခြင်း မကောင်းသောအနံ့အသက်များ မဖြစ်စေရန် နံ့သာရည်အစရှိသည်တို့ဖြင့် သုတ်လိမ်းပေးခြင်း, ဆပ်ပြာအစရှိသည်တို့ဖြင့် ပွတ်တိုက်ပေးခြင်း,ရေချိုးပေးခြင်းတို့ဖြင့်လည်းကောင်း။ စတုပစ္စယသမ္ပဒါနေနစ= ဆွမ်း,သင်္ကန်း,ကျောင်း,ဆေးဟူသော ပစ္စည်းလေးပါးတို့ကို တတ်နိုင်

သမ္ဗျ ပေးလှူစေခြင်းဖြင့်လည်းကောင်း။ ဥပကာရ-ကရဏံ=ကျေးဇူးပြုမှုကိုပြုပေးခြင်းသည်။ ဥပဋ္ဌာနံနာမ=မိဘတို့ကို လုပ်ကျွေးခြင်းမည်၏။

**တတ္ထ ယသ္မာ မာတာပိတရော ဗဟူပကာရာ ပုတ္တာနံ အတ္ထကာမာ အနုကမ္ပကာ၊ ယေ ပုတ္တကေ ဗဟိ ကီဠိတွာ ပံသုမက္ခိတသရီရကေ အာဂတေ ဒိသွာ ပံသုံ ပုဉ္ဆိတွာ မတ္ထကံ ဥပသိင်္ဃာယန္တာ ပရိစုမ္ဗန္တာ စ သိနေဟံ ဥပ္ပါဒေန္တိ။** (ခုဒ္ဒကာ၊ဋ္ဌ။၁၁၅။ သုတ္တနိ၊ဋ္ဌ၊၂။၂၀။)

တတ္ထ= ထိုသို့ မိဘတို့ကို ပြုစုလုပ်ကျွေးရာ၌။ ယသ္မာ= အကြင်ကြောင့်။ မာတာပိတရော= အမိအဖ-တို့သည်။ ပုတ္တာနံ=သားသမီးတို့အား။ ဗဟူပကာရာ=များသောကျေးဇူးရှိကြကုန်၏။ ပုတ္တာနံ=သား,သမီးတို့၏။ အတ္ထကာမာ= အကျိုးစီးပွားကို လိုလားကြကုန်၏။ ပုတ္တာနံ=သား,သမီးတို့ကို။ အနုကမ္ပကာ=သနားစောင့်ရှောက် ချီးမြှောက်ကြကုန်၏။ ယေ= ယင်းမိဘနှစ်ပါးတို့သည်။ ဗဟိ=အပြင်ပ၌။ ကီဠိတွာ= အလိုရှိသလိုမြူးတူးပျော်ပါး ကစားကြကုန်ပြီး၍။ ပံသုမက္ခိ-တသရီရကေ= ကိုယ်ခန္ဓာ၌ ဖုံအလိမ်းလိမ်း ပေရေလိမ်းကျံကြကုန်သည်ဖြစ်၍။ အာဂတေ=ပြန်လာကြကုန်သော။ ပုတ္တကေ= သားငယ်,သမီးငယ်တို့ကို။ ဒိသွာ=တွေ့မြင်ကြကုန်သည်ရှိသော်။ ပံသုံ= ဖုန်မှုန့်ကို။ ပုဉ္ဆိတွာ=

ပွတ်သပ်ကြကုန်ပြီး၍။ မတ္ထကံ= ဦးခေါင်းထိပ်ကို။ ဥပသိင်္ဃာယန္တာစ= နမ်းရှုံ့ကြကုန်၍သော်လည်းကောင်း။ ပရိစုမ္ဗန္တာစ= ပါးစပ်ဖြင့် စုပ်ကုန်လျက်လည်းကောင်း။ သိနေဟံ= သား၊သမီးတို့အပေါ်၌ ချစ်ခြင်းကို။ ဥပ္ပါဒေန္တိ= ဖြစ်စေကုန်၏။

**ဝဿသတမ္ပိ မာတာပိတရော သီသေန ပရိဟရန္တာ ပုတ္တာ တေသံ ပဋိကာရံ ကာတုံ အသမတ္ထာ။**

(ခုဒ္ဒက။၁၁၅။ သုတ္တနိပ္ပါဌ။၂။၂၀။)

ပုတ္တာ=သားသမီးတို့သည်။ ဝဿသတမ္ပိ= နှစ်ပေါင်းတစ်ရာပတ်လုံးလည်း။ မာတာပိတရော= မိဘတို့ကို။ သီသေန= ဦးခေါင်းဖြင့်။ ပရိဟရန္တာ= ရွက်ထားကြကုန်လျက်။ တေသံ= ထိုမိဘတို့အား။ ပဋိကာရံ=ကျေးဇူးတုံ့ဆပ်မှုကို။ ကာတုံ= ကျေကုန်အောင် ပေးဆပ်သမှုပြုခြင်းငှာ။ အသမတ္ထာ= မစွမ်းနိုင်ကြလေကုန်။

**ယသ္မာ စ တေ အာပါဒကာ ပေါသကာ ဣမဿ လောကဿ ဒဿေတာရော ဗြဟ္မသမ္မတာ ပုဗ္ဗာစရိယသမ္မတာ၊ တသ္မာ တေသံ ဥပဋ္ဌာနံ ဣဓ ပသံသံ၊ ပေစ္စ သဂ္ဂသုခဉ္စ အာဝဟတိ၊ တေန မင်္ဂလန္တိ ဝုစ္စတိ။ ဝုတ္တဉ္စေတံ ဘဂဝတာ ဗြဟ္မာ ...ပမောဒတီတိ။**

(အံ၊၁၊၁၃၁။ ဣတိဝုတ်။၂၆၉။၈၁၊၂။၈၂။)

စ=သည်သာမကသေး။ ယသ္မာ၊ အကြင့် ကြောင့်။ တေ= ထိုမိဘနှစ်ပါးတို့သည်။ အာပါဒကာ= ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်အရွယ်မှစ၍ လူလား မြောက်သည့် တိုင်အောင် မွေးမြူခဲ့ကြကုန်၏။ ပေါသကာ=နို့ချိုတိုက်ကျွေး လိုလေသေးမရှိအောင် အစားအစာတွေကို ကျွေးခဲ့ကြကုန်၏။ ဣမဿ လောကဿ= တွေ့ကြုံနေရ ဤလောက၌ သိသင့်သမျှ ဥဿုံ အလုံးစုံကို။ ဒဿေတာရော= နေ့စဉ် ထာဝရ မကျန်ရအောင် ကောင်း,ဆိုးမှန်သမျှ အဝဝကို ပြသညွှန်ပြ အသိဉာဏ် ပြည့်ဝအောင် မေတ္တာ, ကရုဏာတို့ဖြင့် ပြသ ပြောဆိုပေးကြကုန်၏။ ဗြဟ္မသမ္မတာ= ပဋိသန္ဓေနေ သည်ကာစ ယနေ့ကျအောင် ဗြဟ္မာကြီးများကဲ့သို့ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာတရား သားသမီးများ အပေါ်မှာ ထားရှိကြခြင်းကြောင့် ဗြဟ္မာကြီးတို့ဟူ၍ ဘုရားရှင် ကိုယ်တော်တိုင် သတ်မှတ်ဟောကြား သမုတ် တော်မူအပ်ကုန်၏။ ပုဗ္ဗာစရိယသမ္မတာ= သား,သမီးများ ကြီးပွားချမ်းသာအောင် မဆင်းရဲအောင် ကြံဆောင်နိစ္စ သင်ပြကြသဖြင့် ရှေးဦးစွာသင် ဆရာသခင်တို့လည်း ဗိသကြသဖြင့် 'လက်ဦးဆရာ' ဟု သမုတ်အပ်ပါပေ ကုန်၏။

တသ္မာ = ထိုသို့အဖုံဖုံ ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံ

ကြီးမားကြကုန်ခြင်းကြောင့်။ တေသံ= ထိုမိခင်ဖခင် ကျေးဇူးရှင်တို့ကို (တို့အား)။ ဥပဋ္ဌာနံ= အသက်ထင်ရှား ရှိနေသ၍ လိုလေသေးမရှိအောင် ပြုစုလုပ်ကျွေးခြင်း ကုသိုလ်စေတနာသည်။ (ကို)။ ဣဓ= ပစ္စုပ္ပန် ကာလ ယခုဘဝ၌။ ပသံသံ=သူတော်စင်များ ဝမ်းမြောက် ဝမ်းသာ ချီးမွမ်းကြကုန်၏။ ပေစ္စ=တမလွန်လောက နောက်ဘဝ၌။ သဂ္ဂသုခဥ္စ=နတ်၌ဖြစ်သော ချမ်းသာ အမျိုးမျိုးကိုလည်း။ အာဝဟတိ= လျင်မြန်မသွေ ရောက်စေနိုင်ပါပေ၏။ တေန=ထို့ကြောင့်။ မင်္ဂလန္တိ= မင်္ဂလာအစစ် ဖြစ်ပါပေ၏ဟူ၍။ ဝုစ္စတိ=ဘုရားဇိနော် မိန့်တော်မူအပ်၏။

ဟိ=မှန်၏။ ဗြဟ္မာတိ-ပမောဒတီတိ ဇော်= ဗြဟ္မာတိ...ပမောဒတိဟူသော ဤဂါထာအပေါင်းကို။ ဘဂဝတာ= မြတ်စွာဘုရားသည်။ ဝုတ္တံ=အင်္ဂုတ္တရ နိကာယ် တိကနိပါတ် သဗြဟ္မကသုတ်၌ ဟောကြား တော်မူအပ်ပြီ။

**အပရော နယော– ဥပဋ္ဌာနံ နာမ ဘရဏ ကိစ္စကရဏကုသဝံသဋ္ဌပနာဒိပဉ္စဝိဓံ၊ တံ ပါပနိ-ဝါရဏာဒိပဉ္စဝိဓဒိဋ္ဌဓမ္မိကဟိတသုခဟေတုတော မင်္ဂလန္တိ ဝေဒိတဗ္ဗံ။**

ဝုတ္တဉ္စေတံ ဘဂဝတာ—
"ပဋိရူပဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ"တိ။
(ခုဒ္ဒကပါဌ။၁၁၅။ သုတ္တနိပါတ၊၂။၂၁။)

အပရော=ဆိုအပ်ပြီးသော မိဘတို့အား ပြုစု လုပ်ကျွေးပုံ နည်းမှတစ်ပါး တခြားသော။ နယော= ပြုစုလုပ်ကျွေးပုံ နည်းတစ်မျိုးကား။ ဘရဏကိစ္စကရဏ ကုလဝံသဋ္ဌာပနာဒိ=ကျွေးမွေးပြုစုခြင်း, မိသားစုလုပ်ငန်း, လူမှုရေးလုပ်ငန်း, အစိုးရလုပ်ငန်း အစရှိသည်တို့ကို မိဘ လက်ထက်ကထက် ကြီးပွားတိုးတက်အောင် စီမံခန့်ခွဲ ပြုလုပ်ခြင်း အမျိုးအနွယ် ဓလေ့ထုံးစံများ မပျောက် မကွယ်ရအောင် တိုးတက်အောင် အကောင်အထည်ဖော် လုပ်ကိုင်ဆောင်ရွက်ခြင်းအစရှိသော။ ပဉ္စဝိဓံ= ငါးပါး အပြားရှိသော။ ဝါ= သား,သမီးတို့က ပြန်လည် ဆောင်ရွက်ကြရမည့် သားသမီးဝတ္တရား ငါးပါးသည်။ ဟောတိ=ဖြစ်၏။ တံ=ထိုသားသမီး ဝတ္တရားငါးပါး သည်။ ပါပနိဝါရဏာဒိ ပဉ္စဝိဓ ဒိဋ္ဌဓမ္မိက ဟိတသုခ ဟေတုတော= မကောင်းမှုမှ တားမြစ်ခြင်း အစရှိသော ငါးပါးအပြားရှိသော မိဘတို့ဝတ္တရားဖြင့် ပစ္စုပ္ပန်လောက ယခုဘဝ၌ ရရှိခံစားအပ်သော စီးပွားချမ်းသာကို ရရှိခြင်း၏အကြောင်းဖြစ်ခြင်းကြောင့်။ မင်္ဂလန္တိ= ကြီးပွားချမ်းသာကြောင်း မင်္ဂလာ-ဟူ၍။ ဝေဒိတဗ္ဗံ=

သိအပ်၏။

ဟိသစ္စံ=မှန်၏။ ဘဂဝတာ=မြတ်စွာဘုရားသည်။ "ပဉ္စဟိ ခေါ ဂဟပတိပုတ္တ နိယျာဒေန္တိတိ= ပဉ္စဟိ ခေါ ဂဟပတိပုတ္တ နိယျာဒေန္တိ ဟူ၍။ ဝါ= ဟူသော။ ဓော်ဝစနံ=ဤစကားကို။ ဝုတ္တံ=ဒီဃနိကာယ ပါထိကဝဂ္ဂ သိင်္ဂါလသုတ်၌ ဟောတော်မူအပ်ပြီ။

**ပဉ္စဟိ ခေါ ဂဟပတိပုတ္တ ဌာနေဟိ ပုတ္တေန ပုရတ္ထိမာဒိသာ မာတာပိတရော ပစ္စုပဋ္ဌာတဗ္ဗာ "ဘတော နေ ဘရိဿာမိ၊ ကိစ္စံ နေသံ ကရိဿာမိ၊ ကုလဝံသံ ဌပေဿာမိ၊ ဒါယဇ္ဇံ ပဋိပဇ္ဇာမိ၊ အထ ဝါ ပန ပေတာနံ ကာလင်္ကတာနံ ဒက္ခိဏံ အနုပ္ပဒဿာမိ"တိ။ ဣမေဟိ ခေါ ဂဟပတိပုတ္တ ပဉ္စဟိ ဌာနေဟိ ပုတ္တံ အနုကမ္ပန္တိ၊ ပါပါ နိဝါရေန္တိ၊ ကလျာဏေ နိဝေသေန္တိ၊ သိပ္ပံ သိက္ခာပေန္တိ၊ ပတိရူပေန ဒါရေန သံယောဇေန္တိ၊ သမယေ ဒါယဇ္ဇံ နိယျာဒေန္တိတိ။**

(ဒီ၊၃။၁၅၄။) (ခုဒ္ဒကာ၊၄။၁၁၅-၆။ သုတ္တနိ၊၄။၂။၂၁။)

ဂဟပတိ=သူကြွယ်သားဖြစ်သော သိင်္ဂါလ သတို့သား။ ပုတ္တေန၊ သား၊သမီးသည်။ ပဉ္စဟိ=ငါးပါးကုန်သော။ ဌာနေဟိ=အကြောင်းတို့ဖြင့်။ ပုရတ္ထိမာဒိသာ= အရှေ့အရပ် မျက်နှာတမူ အလားတူကုန်သော။ မာတာပိတရော=မိဘတို့ကို။ ပစ္စုပဋ္ဌာတဗ္ဗာ= ပြုစု

လုပ်ကျွေးအပ်ကုန်၏။ ကိံ=အဘယ်သို့။ ပစ္စုပဋ္ဌာတဗ္ဗာ= ပြုစုလုပ်ကျွေးအပ်ကုန်သနည်း။ ဘတော= ငါတို့အား ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်အရွယ်မှစ၍ လူလား မြောက်သည်အထိ ပြုစုလုပ်ကျွေးအပ်ပြီးသော။ နေ= ထိုမိဘတို့ကို။ ဘရိဿာမိ= အသက်ထင်ရှား ရှိနေသမျှ လိုလေသေးမရှိရအောင် အတုံ့ပြန်၍ ပြုစုလုပ်ကျွေးအံ့။ နေသံ=ထိုမိဘနှစ်ပါးတို့၏။ ကိစ္စံ=မိသားစုလုပ်ငန်း, ဘာသာရေးလုပ်ငန်း, လူမှုရေးလုပ်ငန်း, အစိုးရလုပ်ငန်း အစရှိသော ဆောင်ရွက်လုပ်ကိုင်ခဲ့သော လုပ်ငန်း အမျိုးမျိုးကို။ ကရိဿာမိ= ပခုံးပြောင်းတာဝန် အနေထား၍ မပျက်မကွယ် တိုးတက်အောင် လုပ်ကိုင်ဆောင်ရွက် ပေအံ့။ ကုလဝံသံ=မိဘဘိုးဘွားများမှ ဆင်းသက်လာ သည့် အမျိုးအနွယ် ဓလေ့ထုံးစံ အစဉ်အလာကို။ ဌပေဿာမိ=ကမ္ဘာတည်သရွေ့ မပျောက်မပျက် အဆက်ဆက် တည်ရှိအောင်ထားအံ့။ ဒါယဇ္ဇံ= မိဘ ဘိုးဘွား ဆက်ခံပိုင်ဆိုင်ခဲ့သော လယ်ယာ, အိမ်ခြံ ရတနာ ရွှေ,ငွေ အထွေထွေသော အမွေအနှစ်ကို။ ပဋိပဇ္ဇာမိ= အခြေအနေ မယိုမယွင်း ခြေရာလက်ရာ မပျက်ရအောင် တိုးတက်ကြီးပွားအောင် ဆက်ခံပြုလုပ်ပေအံ့။ အထ ဝါ ပန= ထိုပြင်တစ်ပါးကား။ ပေတာနံကာလင်္ကတာနံ= စုတေမနေ ကွယ်လွန်ကုန်ပြီးသော မိဘတို့အား။

ဒက္ခိဏေယျ=ဆွမ်းရဲကင်းပျောက် ချမ်းသာရောက် စေနိုင်သော ကုသိုလ်အဖို့ဘာဂကို။ အနုပ္ပဒဿာမိ= ရက်လည်, တလပြည့် နှစ်စဉ်မရွေ့မပျက် ဝတ္တရားမပျက်အောင် ပေးဝေအံ့။ ဣတိ=ဤသို့။ ပစ္စုပဋ္ဌာတဗ္ဗာ=ပြုစုလုပ်ကျွေးအပ်ကုန်၏။

ဂဟပတိပုတ္တ=သိင်္ဂါလသတို့သား။ ပဉ္စဟိ= ငါးပါးကုန်သော။ ဣမေဟိ ဌာနေဟိ= ဤ အကြောင်းအရာ ကျင့်ဝတ်ငါးဖြာတို့ဖြင့်။ ပစ္စုပဋ္ဌိတာ=ပြုစုလုပ်ကျွေးအပ်ကုန်သော။ ပုရတ္ထိမာဒိသာ= အရှေ့အရပ်တမျှ အလား တူကုန်သော။ မာတာပိတရော= မိဘနှစ်ပါးတို့သည်။ ပါပါ=ယုတ်မာညစ်ကျူ မကောင်းမှုအမျိုးမျိုးမှ။ နိဝါရေန္တိ= မပြုမလုပ် မပြောမဆို မကြံစည်ရအောင် တားမြစ်ပေးကြကုန်၏။

ကလျာဏေ=ပစ္စုပ္ပန်တမလွန် နှစ်ပါန်ပွားတိုး အကျိုး စီးပွားဖြစ်ကြောင်း ကောင်းမှုလုပ်ငန်းမှန်သမျှဥ္ဉ။ နိဝေသေန္တိ= ပြုလုပ်,ပြောဆို,ကြံစည်သောတွေ တည်နေစေကြကုန်၏။ သိပ္ပံ = လောကုတ်,လောကီ နှစ်လီဖွံ့ဖြိုး ကြီးပွားတိုးတက်စေသည့် အတတ်ပညာအမျိုးမျိုးကို။ သိက္ခာပေန္တိ= ဆရာတို့ထံ နည်းခံတိုးဝင် တတ်မြောက်လုပ်ကိုင်တတ်အောင် သင်ယူစေကြကုန်၏။ ပတိရူပေန= ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစေတတ်

သင့်လျော်လျောက်ပတ်သော။ ဒါရေန= အိမ်သူ သက်ထား ဇနီးမယား, လင်ယောက်ျားနှင့်။ သံယော- ဇေန္တိ= စေ့စပ်ပေါင်းဖော် သင့်တော်အောင် ထိမ်းမြား လက်ထပ်ပေးကြကုန်၏။ သမယေ=လယ်ယာ ကျွဲနွား အိမ်ရာများနှင့် စပါးဆန်ရေ ရွှေ,ငွေရတနာ အမွေအနှစ် အဖြာဖြာကို မပျက်နိုင်အောင် တိုးတက် ကြီးပွား ဆောင်ရွက်နိုင်ရာ သင့်လျော်သော အချိန်အခါ၌။ ဒါယဇ္ဇံ=မိုးဖွားစဉ်ဆက် ဆင်းသက်လာသော အမွေ အနှစ်ကို။ နိယျာဒေန္တိ= ဝမ်းမြောက်ဝမ်းသာ အပ်နှင်း လာကြကုန်၏။ ဣတိ=ဤသို့။ ပဉ္စဟိ=ငါးပါးကုန်သော။ ဌာနေဟိ= မိဘဝတ္တရား အကြောင်းတရားတို့ဖြင့်။ ပုတ္တံ= မိမိရင်နှစ် သားချစ် သမီးချစ်ကို။ အနုကမ္ပန္တိ= အစဉ်ထာဝရ စောင့်ရှောက် ချီးမြှောက်ကြကုန်၏။

**အပိ စ ယော မာတာပိတရော တီသု ဝတ္ထူသု ပသာဒုပ္ပါဒနေန သီလသမာဒါပနေန ပဗ္ဗဇ္ဇာယ ဝါ ဥပဋ္ဌဟတိ၊ အယံ မာတာပိတုဥပဋ္ဌကာနံ အဂ္ဂေါ၊ တဿ တံ မာတာပိတုဥပဋ္ဌာနံ မာတာပိတူဟိ ကတဿ ဥပကာရဿ ပစ္စုပကာရဘူတံ အနေကေသံ ဒိဋ္ဌဓမ္မိကာနံ သမ္ပရာယိကာနဉ္စ အတ္ထာနံ ပဒဋ္ဌာနတော မင်္ဂလန္တိ ဝုစ္စတိ။**

(ခုဒ္ဒကာ၊ဋ္ဌ။၁၁၆။ သုတ္တနိ၊ဋ္ဌ၊၂။၂၀-၁။)

အပိ စ= မိဘကျေးဇူးဆပ်ပုံတစ်မျိုးကား-

ယော= အကြင်သားရတနာ သမီးရတနာသည်။ မာတာပိတရော=မိဘနှစ်ပါးတို့ကို။ တီသု=ဘုရား၊တရား၊ သံဃာအားဖြင့် သုံးပါးကုန်သော။ ဝတ္ထူသု= ကောင်းမှုပြုရာဝတ္ထုတို့၌။ ပသာဒုပ္ပါဒနေန ဝါ= ကြည်ညိုခြင်းကို ဖြစ်စေခြင်းဖြင့်သော် လည်းကောင်း၊ ဝါ=သရဏဂုံသုံးပါးကို ကိုးကွယ် ဆည်းကပ်စေခြင်းဖြင့်သော်လည်းကောင်း။ သီလသမာဒါပနေန ဝါ= လူတို့ကျင့်ရာ ငါးဖြာဂရုဓမ္မသီလကို ဆောက်တည်ကျင့်သုံးစေခြင်း ရှစ်ရက်သီတင်း လပြည့်လကွယ်နေ့များ၌ ဥပုသ်သီတင်းစောင့်သုံးစေခြင်းဖြင့်သော်လည်းကောင်း။ ပဗ္ဗဇ္ဇာယဝါ= ကိုယ်တိုင် ရှင်၊ရဟန်းပြုခြင်း ပြုပေးခြင်းဖြင့်သော်လည်းကောင်း။ ဥပဋ္ဌဟတိ=ပြုစုလုပ်ကျွေး၏။ အယံ= ဤဆိုအပ်ပြီးသော သရဏဂုံ မွေ့ထုံသီလ ပဥ္စင်္ဂနှင့် အဋ္ဌင်္ဂဥပုသ် စောင့်သုံးစေမှု ကိုယ်တိုင်ရှင်ပြု၊ ရဟန်းပြု၍ ပြုစုလုပ်ကျွေးခြင်းသည်။ မာတာပိတုဥပဋ္ဌကာနံ= မိဘနှစ်ပါးတို့အား ပြုစုလုပ်ကျွေးသူ အားလုံးတို့တွင်။ ဝါ၊ တို့ထက်။ အဂ္ဂေါ= လူ့ရပ်နတ်ပြည် ရောက်မည့် အကြောင်း အကောင်းဆုံး အမွန်မြတ်ဆုံးပါပေတည်း။ တသ္မာ= မိဘတို့အား သရဏဂုံသီလ ဆောက်တည်ကိုးကွယ် ကျင့်သုံးစေမှု၊ ရဟန်းပြုပေးမှု၊ ကိုယ်တိုင် ရဟန်း

ပြုမှုတို့ဖြင့် ပြုစုလုပ်ကျွေးသော ထိုပုဂ္ဂိုလ်၏။ မာတာပိတုဟိ= မိဘနှစ်ပါးတို့သည်။ ကတဿ=ပြုအပ်သော။ ဥပကာရဿ = မိမိအပေါ်ကျေးဇူးပြုမှုကို။ ပစ္စုပကာရဘူတံ= ကျေးဇူးတုံ့ပြန် ကျေးဇူးဆပ်သည်ဖြစ်၍ဖြစ်သော။ တံ မာတာပိတုဥပဋ္ဌာနံ =မိဘနှစ်ပါးကို ပြုစုလုပ်ကျွေးခြင်းကို။ အနေကေသံ=များစွာကုန်သော။ ဒိဋ္ဌဓမ္မိကာနံ=ခုပစ္စက္ခ ဤဘဝ၌ ခံစားအပ်ကုန်သော။ အတ္ထာနံ စ= အကျိုးတို့၏လည်းကောင်း။ သမ္ပရာယိကာနံ= ရှေးရှုလားရောက်အပ် လတ္တံ့သော တမလွန်လောကနောက်ဘဝ၌ ခံစားအပ်ကုန်သော။ အတ္ထာနဉ္စ= အကျိုးတို့၏လည်းကောင်း။ ပဒဋ္ဌာနတော= နီးစွာသောအကြောင်းဖြစ်ခြင်းကြောင့်။ မင်္ဂလန္တိ=မင်္ဂလာဟူ၍။ ဝုစ္စတိ= ဘုရားရှင် ဟောတော်မူအပ်၏။

ယဿ ဟိ ဘိက္ခဝေ ကာလင်္ကတော ပိတာ ဝါ မာတာ ဝါ "အမှာကံ ဉာတကော ထေရော သီလဝါ ကလျာဏဓမ္မော"တိ ပသန္နစိတ္တော ဟုတွာ တံ ဘိက္ခုံ အနုဿရတိ၊ တဿ သော စိတ္တပ္ပသာဒေါပိ တံ အနုဿရဏမတ္တမ္ပိ မဟပ္ဖလံ မဟာနိသံသမေဝ ဟောတိ၊ အနေကာနိ ကပ္ပသတသဟဿာနိ ဒုဂ္ဂတိတော ဝါရေတုံ အန္တေ စ အမတံ ပါပေတုံ သမတ္ထမေဝ ဟောတိ။

ဝုတ္တဥ္စေတံ ဘဂဝတာ-''ယေတေ ဘိက္ခဝေ-
-ဝဒါမီ''တိ (မငွ၊၁။၁၆၄။)

ဟိ-ဝိတ္ထာရေမိ=ချဲ့ဦးအံ့။ ယဿ ဘိက္ခုနော=
အကြင် ရဟန်း၏။ ကာလင်္ကတော=စုတေမနေ ကွယ်လွန်
လေပြီးသော။ ပိတာဝါ=ကျေးဇူးအရှင် မွေးဖခင်သည်
သော်လည်းကောင်း။ ကာလင်္ကတာ=စုတေမနေ
ကွယ်လွန်လေပြီးသော။ မာတာဝါ =ကျေးဇူးကြီးကြွယ်
မွေးမယ်တော်သည်လည်းကောင်း။''အမှာကံ= ငါမိဘ
တို့၏။ ဉာတကော=ရင်နှစ်သည်းချာ သားရတနာဖြစ်
သော။ ထေရော= မဟာထေရ်သည်။ သီလဝါ=
အကျင့်သီလ ပြည့်ဝပါပေ၏။ ကလျာဏဓမ္မော=
သာသနာပြုစု ကောင်းမှုဉသုံ ပြည့်စုံပါပေ၏။
ဣတိ=ဤသို့ဤပုံ။ ပသန္န စိတ္တော= သဒ္ဓါဓောဝင်
ကြည်လင်သောစိတ်ရှိသည်။ ဟုတွာ= ဖြစ်၍။ တံဘိက္ခုံ=
ရင်သွေးရင်နှစ် ထိုသားချစ်ရဟန်းကို။ ဝါ = ထိုသားလှ
ရတနာ ရဟန်းတော်၏ သီလ,သမာဓိ, ပညာဂုဏ်ကို။
အနုဿရတိ=အဖန်ဖန်အထပ်ထပ် မပြတ်အောက်မေ့၏။
တဿ=ကွယ်လွန်ပြီးသော ထိုမိဘနှစ်ပါး၏။ သော
စိတ္တပ္ပသာဒေါပိ=စိတ်ဝယ်ကြည်နူး ထိုဖြစ်ဖူးသော
ကြည်ညိုခြင်းသည်လည်းကောင်း။ တံ အနုဿရဏ-
မတ္တမ္ပိ= သီလသမာဓိ ပညာပွားထုံ ကောင်းမှုဂုဏ်ကို

အဖန်ဖန်အထပ်ထပ် ထိုအောက်မေ့ခြင်းမျှသည်လည်း ကောင်း။ မဟပ္ဖလံ= ဆင်းရဲ ကင်းပျောက် ချမ်းသာရောက် စေနိုင်သဖြင့် များမြတ်သော အကျိုးရှိသည်သာလျှင်။ မဟာနိသံသမေ၀= များမြတ်သော ကျိုးဆက်ဂုဏ်အင် အာနိသင်ရှိသည်သာလျှင်။ ဟောတိ= စင်စစ်မသွေဖြစ်ပါ ပေ၏။ အနေကာနိ ကပ္ပသတသဟဿာနိ= သိန်းပေါင်း မက များလှစွာသော ကမ္ဘာတို့ပတ်လုံး။ ဒုဂ္ဂတိတော= အပါယ်လေးရပ် ဒုဂ္ဂတိဘုံဘ၀မှ။ ၀ါရေတုံ စ= မကျ မရောက်နိုင်အောင် တားမြစ်ခြင်းငှာလည်းကောင်း။ အန္တေ=အဆုံးဘ၀ နောက်ကာလ၌။ အမတံ= မသေရာ သမိုက် အမြိုက်နိဗ္ဗာန်သို့။ ပါပေတုံ စ= ရောက်စေခြင်းငှာ လည်းကောင်း။ သမတ္ထမေ၀= စွမ်းနိုင်သည်သာလျှင်။ ဟောတိ=ဖြစ်၏။

ဟိ-သစ္စံ=မှန်၏။ ‘‘ယေ တေ ဘိက္ခဝေ--- ၀ဒါမိ တိ’’= ယေ တေ ဘိက္ခဝေ---၀ဒါမိ-ဟူ၍။ ဝါ=ဟူသော။ ဧတံဝစနံ= ဤစကားတော်ကို။ ဘဂဝတာ =မြတ်စွာဘုရားရှင်သည်။ ဝုတ္တံ =ဟောကြားတော်မူ အပ်ပြီ။

**ယေ တေ ဘိက္ခဝေ ဘိက္ခူ သီလသမ္ပန္နာ သမာဓိသမ္ပန္နာ ပညာ၊ ဝိမုတ္တိ၊ ဝိမုတ္တိဉာဏဒဿန- သမ္ပန္နာ၊ ဒဿနံ ပါဟံ ဘိက္ခဝေ တေသံ ဘိက္ခူနံ**

ဗဟုကာရံ ဝဒါမိ။ သဝနံ အနုဿတိံ၊ အနုပဗ္ဗဇ္ဇံ၊ ဥပသင်္ကမနံ၊ ပယိရုပါသနံ ပါဟံ ဘိက္ခဝေ တေသံ ဘိက္ခူနံ ဗဟုပကာရံ ဝဒါမိတိ။ တသ္မာ ဉာတိသာလောဟိတာနံ အတ္တနိ စိတ္တပ္ပသာဒဿ အနုဿတိ ယာ စ မဟပ္ပလတံ ကုစ္ဆန္တေနာပိ သီလာဒိဂုဏယုတ္တေနေဝ ဘဝိတဗ္ဗန္တိ ဒဿေတိ။

(သံ၊၃။၆၁။ ဣတိဝုတ်။၂၆၇။) (မ၊ဋ္ဌ၊၁။၁၆၄။)

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ ယေ တေ ဘိက္ခူ=အကြင် ရဟန်းတော်တို့သည်။ သီလသမ္ပန္နာ=အကျင့်သီလနှင့် ပြည့်စုံကြကုန်၏။ ဝါ၊ ပါတိမောက္ခ,ဣန္ဒြိယနှင့် ပစ္စယ,အာဇီဝ လေးလီသော သီလနှင့် ပြည့်စုံကြကုန်၏။ သမာဓိသမ္ပန္နာ=သမာဓိနှင့် မယုတ်ကုံလုံ ပြည့်စုံကြကုန်၏။ ပညာသမ္ပန္နာ= ဝိပဿနာပညာ မဂ်ပညာ,ဖိုလ်ပညာနှင့် လောက်ငကုံလုံ ပြည့်စုံကြကုန်၏။ ဝိမုတ္တိသမ္ပန္နာ= အရဟတ္တဖိုလ်နှင့် ပြည့်စုံကြကုန်၏။ ဝိမုတ္တိဉာဏဒဿနသမ္ပန္နာ= အရဟတ္တဖိုလ်ကို သိမြင်တတ်သော ပစ္စဝေက္ခဏာဉာဏ် နှင့် ပြည့်စုံကြကုန်၏။ ဘိက္ခဝေ=ရဟန်းတို့။ အဟံ= ငါဘုရားသည်။ တေသံ ဘိက္ခူနံ= သီလ,သမာဓိ, ပညာလွှမ်းခြုံ ကျေးဇူးဂုဏ် အဖုံဖုံတို့နှင့် မယုတ်ကုံလုံ ပြည့်စုံကြကုန်သော ထိုရဟန်းတော်တို့ကို။ ဒဿနမ္ပိ=

သဒ္ဓါဓာဝင် စိတ်ကြည်လင်၍ ဖူးမြင်ရရုံမျှကိုလည်း။ ဗဟုပကာရံ= များစွာအထူး ကျေးဇူးရှိပါပေ၏ဟူ၍။ ဝဒါမိ=ဟောကြားတော်မူ၏။ တေသံ ဘိက္ခူနံ=ထိုရဟန်းတော်တို့၏။ သဝနမ္ပိ=ဟောကြားပြသ တရားဓမ္မကို နာယူရခြင်းကိုလည်းကောင်း။ တေသံ ဘိက္ခူနံ=ထို ရဟန်းတော်တို့ကို။ အနုဿတိမ္ပိ= အဖန်ဖန်အထပ်ထပ် အောက်မေ့ခြင်းကိုလည်းကောင်း။ တေသံ ဘိက္ခူနံ= ထိုရဟန်းတော်တို့သို့။ အနုပဗ္ဗဇ္ဇမ္ပိ=အတုလိုက်၍ ရှင်,ရဟန်းပြုခြင်းကိုလည်းကောင်း။ ဥပသင်္ကမနမ္ပိ= အနီးထံပါး ချဉ်းကပ်ခစားခြင်းကိုလည်းကောင်း။ ဗဟုကာရံ=များစွာအထူး ကျေးဇူးရှိကြပါပေ၏ဟူ၍။ အဟံ=ငါဘုရားသည်။ ဝဒါမိ=ထင်ရှား မသွေ ဟောကြားတော်မူပါပေ၏။ ဘိက္ခဝေ= ရဟန်းတော်များ အိုချစ်သား တို့။ အဟံ=ငါဘုရားသည်။ တေသံ ဘိက္ခူနံ= ထိုရဟန်းတော်တို့သို့။ ပယိရုပါသနမ္ပိ= ပြုစုလုပ်ကျွေးခြင်းကို လည်း။ ဗဟုကာရံ=များစွာအထူး ကျေးဇူးရှိလှပါပေ၏ ဟူ၍။ ဝဒါမိ=ထင်ရှားမသွေ ဟောကြားတော်မူပါပေ၏။

တသ္မာ=ထို့ကြောင့်။ ဉာတိသာလောဟိတာနံ= (ကွယ်လွန်လေပြီး)ဆွေမျိုးမိဘ သားချင်းတို့၏။ အတ္တနိ=မိမိ (၏ သီလ သမာဓိ ပညာ)၌။ စိတ္တပ္ပ-သာဒဿ စ=သဒ္ဓါဓာဝင် စိတ်ကြည်လင်ခြင်း၏လည်း

ကောင်း॥ အနုသယတိယာ စ= အဖန်ဖန်အထပ်ထပ် မပြတ်အောက်မေ့ သတိရခြင်း၏လည်းကောင်း॥ မဟပ္ဖလတံ= ကြီးကျယ်ဖွံ့ဖြိုး အကျိုးရှိ ခံစားရခြင်းကို॥ ဣစ္ဆန္တေနာပိ = အလိုရှိသော ရဟန်းတော်သည် လည်း॥ သီလာဒိဂုဏယုတ္တေနေဝ= သီလစတဲ့ ကောင်းမြတ်ခြင်းဂုဏ်နှင့် မယုတ်ကုံလုံ ပြည့်စုံမှုနှင့် ယှဉ်နေသည်သာလျှင်॥ ဘဝိတဗ္ဗံ= ဖြစ်သင့် ဖြစ်ထိုက်ပါပေ၏॥ ဣတိ=ဤဆိုအပ်ပြီးသော အနက်အဓိပ္ပါယ်ကို॥ ဒဿေတိ= ပြတော်မူ၏॥

တတ္ထ တံ့ ဗြဟ္မာ ဓဝံကာရီ ကိစ္စကာရီ ဟောသိ၊ ယော ခေါ ဗြဟ္မာ ဓမ္မေန ဘိက္ခံ ပရိယေသတိ၊ ဓမ္မေန ဘိက္ခံ ပရိယေသိတွာ မာတာပိတရော ပေါသေတိ၊ ဗဟုံ သော ပုည် ပသဝတီတိ॥ (သံ၊၁။၁၈၃॥)

ယော မာတရံ ပိတရံ ဝါ၊ မစ္စော ဓမ္မေန ပေါသတိ။
တာယ နံ ပါရိစရိယာယ၊ မာတာပိတူသု ပဏ္ဍိတာ။
ဣဓေဝ နံ ပသံသန္တိ၊ ပေစ္စ သဂ္ဂေ ပမောဒတီတိ။
(သံ၊၁။၁၈၄။)

ဗြဟ္မဏ= မာတုပေါသကပုဏ္ဏား॥ ယော= အကြင်သူသည်॥ ဓမ္မေန=တရားသဖြင့်॥ ဘိက္ခံ=ထမင်း

(အစားအစာ) ကို။ ပရိယေသတိ=ရှာမှီး၏။ ဓမ္မေန= တရားသဖြင့်။ ဘိက္ခံ=ထမင်း(အစားအစာ)ကို။ ပရိယေသိတွာ=ရှာမှီးပြီး၍။ မာတာပိတရော=မိဘတို့ကို။ ပေါသေတိ= ကျွေးမွေး၏။ သော=ထိုသူသည်။ ဗဟုံ= များပြားလှစွာသော။ ပုညံ= ကောင်းမှုကို။ ပသဝတိ= တိုးပွားစေ၏။

ဗြာဟ္မဏာ=မာတုပေါသကပုဏ္ဏား။ တဋ္ဌ၊ စင်စစ်ကေန် အမှန်အားဖြင့်။ ဧဝံကာရီ= ဤသို့ပြုလေ့ရှိသော။ တွံ၊ သင်သည်။ ကိစ္စကာရီ=ပြုသင့်ပြုထိုက်သော ကိစ္စကို ပြုလေ့ရှိသူသည်။ ဟောတိ= ဖြစ်ပေ၏။

ယော မစ္စော= အကြင်သူသည်။ မာတရံဝါ= ကျေးဇူးအရှင် မွေးမိခင်ကိုသော်လည်းကောင်း။ ပိတရံဝါ = ကျေးဇူးအရှင် မွေးဖခင်ကိုသော်လည်းကောင်း။ ဓမ္မေန= တရားသဖြင့်။ ပေါသေတိ=ပြုစုလုပ်ကျွေး၏။ မာတာပိတူသု= ကျေးဇူးကြီးမား မိဘနှစ်ပါးတို့၌။ တာယ ပါရိစရိယာယ= ထိုသို့ ပြုစုလုပ်ကျွေးခြင်းကြောင့်။ နံ= မိဘကိုလုပ်ကျွေးပြုစုသော ထိုပုဂ္ဂိုလ်ကို။ ပဏ္ဍိတာ= ကြောင်းကျိုးမြင်သိ ပညာရှိတို့သည်။ ဣဓေဝ= ပစ္စုပ္ပန္န ဤယခုဘဝ၌ပင်လျှင်။ ပသံသန္တိ=ချီးမွမ်းစကား ပြောကြားကြကုန်၏။ ပေစ္စ= တမလွန်လောက နောက် ဘဝ၌။ ဝါ၊ တမလွန်လောက နောက်ဘဝ ရောက်သည်

ရှိသော်။ သဂ္ဂေ= ရူပ,သဒ္ဒစသည် ပြည့်စုံ နတ်တို့ဘုံ၌။ ပမောဒတိ= နတ်စည်းစိမ်တို့ကို ခံစားရခြင်းကြောင့် ဝမ်းမြောက်ရွှင်ပျော် မွေ့လျော်ရပေ၏။

**မာတာပိတုဥပဋ္ဌာနန္တိ မာတာပိတူနံ ရက္ခနံ ဂေါပနံ ပဋိဇဂ္ဂနံ။** (အံ၊ဋ္ဌ၊၂၊၁၃၆၊)

မာတာပိတူနံ= အမိအဖတို့အား။ ရက္ခနံ= ဘေးရန်အန္တရာယ် မကျမရောက်အောင် စောင့်ရှောက်ခြင်းသည်လည်းကောင်း။ ဂေါပနံ=အနာရောဂါ အစရှိသည်တို့ မကျမရောက်အောင် စောင့်ရှောက်ခြင်းသည်လည်းကောင်း။ ပဋိဇဂ္ဂနံ= အစားအစာ ကျွေးမွေးခြင်း အဝတ်တန်ဆာ ဆင်မြန်းခြင်း အစရှိသည်တို့ဖြင့် ပြုစုလုပ်ကျွေးခြင်းသည်လည်းကောင်း။ မာတာပိတုဥပဋ္ဌာနန္တိ= မာတာပိတုဥပဋ္ဌာန မည်၏။

**ရက္ခနံ ဂေါပနံ ပဋိဇဂ္ဂနန္တိ မာတာပိတူနံ မနုဿာ မနုဿကတူပဒ္ဒဝတော ရက္ခနံ။ ဗျာဓိအာဒိအနတ္ထတော ဂေါပနံ။ ဃာသစ္ဆာဒနာဒီဟိ ဝေယျာဝစ္စကရဏေန ပဋိဇဂ္ဂနံ။** (အံ၊ဋီ၊၂၊၁၂၃။)

ရက္ခနံဂေါပနံပဋိဇဂ္ဂနန္တိ= ရက္ခနံဂေါပနံပဋိဇဂ္ဂနံ ဟူ သည်ကား။ မာတာပိတူနံ= မိဘတို့အား။ ဝါ=တို့ကို။ မနုဿာ=လူတို့သည်။ မနုဿကတူပဒ္ဒဝတော= လူတို့

ပြုအပ်သော ဘေးရန်အမျိုးမျိုးမှ။ ရက္ခန္တိ=မကျမရောက် အောင် စောင့်ရှောက်ခြင်းပေတည်း။

ဗျာဓိအာဒိအနတ္ထတော= မကျန်းမာခြင်း အစရှိသော အကျိုးမဲ့မှ။ ဂေါပန်= မကျမရောက် မဖြစ်အောင် စောင့်ရှောက်ခြင်းပေတည်း။

ယာသဇ္ဇာဒနာဒီဟိ=အစားအစာ ကျွေးမွေးပြုစုခြင်း၊ အဝတ်အထည်တို့ကို ဆင်မြန်းပေးခြင်း အစရှိသည်တို့ဖြင့်။ ဝေယျာဝစ္စကရဏေန=ပြုသင့်ပြုထိုက်သော အမှုကြီးငယ်တို့ကို ပြုလုပ်ပေးခြင်းဖြင့်။ ပဋိဇဂ္ဂနံ= ပြုစုလုပ်ကျွေးခြင်းပေတည်း။

**သန္တာနန္တိ အညတ္ထ ဗုဒ္ဓ ပစ္စေကဗုဒ္ဓ အရိယ-သာဝကာ သန္တော နာမ၊ တေသံ ပန မာတာပိတုဥပဋ္ဌာကာ အဓိပ္ပေတာ။ တသ္မာ ဥတ္တမဋ္ဌေန သန္တာနံ၊ သေဋ္ဌစရိယ-ဋ္ဌေန ဗြဟ္မစာရီနံ။ ဣဒံ မာတာပိတုဥပဋ္ဌာနံ သဗ္ဗိ ဥပညာတန္တိ ဧဝမေတ္ထ အတ္ထော ဒဋ္ဌဗ္ဗော။**

(အံ၊ဋ္ဌ၊၂။၁၃၇။)

သန္တာနန္တိဧတ္ထ=သန္တာနံ ဟူသော ဤပါဠိ၌။ အညတ္ထ= ဤပဏ္ဍိတသုတ်မှ တစ်ပါးသောသုတ်တို့၌။ ဗုဒ္ဓ ပစ္စေကဗုဒ္ဓ အရိယသာဝကာ = ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယာသာဝကတို့သည်။ သန္တောနာမ= အယူမစောင်း

မှုမပြောင်းသည့် သူတော်ကောင်းတို့မည်ကုန်၏။ ပန= မတူထူးဟန် ဝိသေသံကို ဖော်လှန်ထုတ်ကာ ပြဆိုပါအံ့။ ဣမေ=သန္တာနံဟူသောဤပုဒ်၌။ မာတာပိတုဥပဋ္ဌာကာ= မိဘတို့ကို ပြုစုလုပ်ကျွေးကုန်သော သူတို့ကို။ သန္တာနန္တိ= သန္တ-တို့ဟူ၍။ အဓိပ္ပေတာ=အလိုရှိအပ်ကုန်၏။ တသ္မာ= ထိုကြောင့်။ ဥတ္တမဋ္ဌေန=မြင့်မြတ်သူ ဟူသော အနက် သဘော သတ္တိကြောင့်။ သန္တာနံ=မြင့်မြတ်ကုန်သော။ သေဋ္ဌစရိယဋ္ဌေန= မြင့်မြတ်သောပုဂ္ဂိုလ်တို့သည် ကျင့်အပ် သောအကျင့်ကို ကျင့်ခြင်းဟူသော အနက်သဘော ကြောင့်။ ဗြဟ္မစာရီနံ= မြင့်မြတ်သောအကျင့်ကို ကျင့်လေ့ရှိကြကုန်သော။ ဣဒံ မာတာပိတုဥပဋ္ဌာနံ = မိဘကိုပြုစုလုပ်ကျွေးသော ဤပုဂ္ဂိုလ်ကို။ သဗ္ဘိ=သူတော် ကောင်း ဟူ၍။ ဥပညာတံ=သိအပ်၏။ ဣတိဧဝံ=ဤသို့။ ဧတ္ထ=သန္တာနံ ဟူသော ဤပုဒ်၌။ အတ္ထော= ဆိုလိုရင်း အနက်အဓိပ္ပါယ်ကို။ ဒဋ္ဌဗ္ဗော=မှတ်အပ်၏။

**ဥတ္တမဋ္ဌေန သန္တာနန္တိ မတ္တေယျတာဒီဟိ သေဋ္ဌဋ္ဌေန သန္တာနံ။** (အံ၊ဋ္ဌ၊၂။၁၂၃။)

ဥတ္တမဋ္ဌေန သန္တာနန္တိ= ဥတ္တမဋ္ဌေန သန္တာနံ- ဟူသည်ကား။ မတ္တေယျတာဒီဟိ= အမိကိုပြုစုလုပ် ကျွေးခြင်းအစရှိသည်တို့ဖြင့်။ သေဋ္ဌဋ္ဌေန=ချီးမွမ်းအပ်

မြတ်သည်၏အဖြစ်ဟူသော အနက်သဘောသတ္တိ ကြောင့်။ သန္တာနံ= အယူမစောင်း မှုမပြောင်းသည့် သူတော်ကောင်းဖြစ်ကြကုန်သော။

**သတံ စောနိ ဌာနာနီတိ သန္တာနံ ဥတ္တမပုရိ-သာနံ စောနိ ဌာနာနိ ကာရဏာနိ။**

(အံ၊၄၊၂။၁၃၇။)

သတံ စောနိ ဌာနာနီတိ=သတံ စောနိ ဌာနာနိ ဟူသည်ကား။ စောနိ ဌာနာနိ= ဤမိဘတို့ကို ပြုစုလုပ်ကျွေးခြင်းဟူသော အကြောင်းတို့သည်။ သန္တာနံ ဥတ္တမ-ပုရိသာနံ= မြင့်မြတ်သောယောကျ်ားတို့၏။ ဝါ-ယောကျ်ားမြတ်တို့၏။ ကာရဏာနိ=အကြောင်းတို့ပေတည်း။

**မာတုပဋ္ဌာနံ ပိတုပဋ္ဌာနန္တိ စောနိ ဒွေ ဥတ္တမပုရိသာနံ ကာရဏာနိ၊ ဥတ္တမကိစ္စကရဏေန ဟိ မာတာပိတု ဥပဋ္ဌကာ "ဥတ္တမပုရိသာ"တိ ဝုတ္တာ။** (အံ၊ဋီ၊၂။၁၂၃။)

မာတုပဋ္ဌာနံ= အမိကိုပြုစုလုပ်ကျွေးခြင်းလည်း ကောင်း။ ပိတုပဋ္ဌာနံ= အဖကိုပြုစုလုပ်ကျွေးခြင်းလည်း ကောင်း။ ဣတိ=ဤသို့။ စောနိ ဒွေ= ဤနှစ်မျိုးတို့သည်။ ဥတ္တမပုရိသာနံ=မြင့်မြတ်သောယောကျ်ားတို့၏။ ဝါ= ယောကျ်ားမြတ်တို့၏။ ကာရဏာနိ= အကြောင်းတို့ပေ တည်း။ ဟိ သစ္စံ=မှန်၏။ ဥတ္တမကိစ္စကရဏေန=

မြင့်မြတ်သော ကိစ္စ ကိုပြုလုပ်ခြင်းကြောင့်။ မာတာပိတု-ဥပဋ္ဌာကာ= မိဘတို့ကို ပြုစုလုပ်ကျွေးကုန်သောသူတို့ကို။ ဥတ္တမပုရိသာတိ=ဥတ္တမပုရိသတို့ဟူ၍။ ဘဂဝတာ= မြတ်စွာဘုရားသည်။ ဝုတ္တာ= ဟောတော်မူအပ်ကုန်ပြီ။

**အထ ဝါ သတံ ဓောနိ ဌာနာနိတိ မာတုပဋ္ဌာနံ ပိတုပဋ္ဌာနန္တိ ဓောနိ ဌာနာနိ သန္တာနံ ဥတ္တမပုရိသာနံ ကာရဏာနိတိ ဧဝံ မာတာပိတုဥပဋ္ဌာကဝသေန ဣမိဿာ ဂါထာယ အတ္ထော ဝေဒိတဗ္ဗော။ မာတာပိတုဥပဋ္ဌာကော ယေဝ ဟိ ဣဓ "အရိယော ဒဿနသမ္ပန္နော" တိ ဝုတ္တော။** (အံ၊ဋ္ဌ၊၂။၁၃၇။)

အထ ဝါ=တနည်းကား။ သတံ ဓောနိ ဌာနာနိ-တိ ဧတ္ထ= သတံ ဓောနိ ဌာနာနိဟူသော ဤပါဌ်၌။ မာတုပဋ္ဌာနံ= အမိကို ပြုစုလုပ်ကျွေးခြင်းလည်းကောင်း။ ပိတုပဋ္ဌာနံ=အဖကို ပြုစု လုပ်ကျွေးခြင်းလည်းကောင်း။ ဣတိ ဓောနိ ဌာနာနိ= ဤနှစ်ပါးသော အရာတို့သည်။ သန္တာနံ ဥတ္တမပုရိသာနံ= မြင့်မြတ်သော ယောကျ်ားတို့၏။ ကာရဏာနိ= အကြောင်းတို့ပေတည်း။ ဧဝံ= ဤသို့။ ဝါ=ဤဆိုအပ်ပြီးသောနည်းဖြင့်။ မာတာပိတုဥပဋ္ဌာက-ဝသေန= မိဘတို့ကို ပြုစုလုပ်ကျွေးခြင်း၏ အစွမ်းအားဖြင့်။ ဣမိဿာဂါထာယ= ဤဂါထာ၏။ အတ္ထော= ဆိုလိုရင်း အနက်အဓိပ္ပါယ်ကို။ ဝေဒိတဗ္ဗော= သိအပ်၏။

ဟိ=မှန်၏။ ဣဓ=ဤဂါထာ၌။ ဝါ=ဤပဏ္ဍိတ သုတ်၌။ မာတာပိတုဥပဋ္ဌာကောယေဝ= မိဘတို့ကို ပြုစုလုပ်ကျွေးသော ပုဂ္ဂိုလ်ကိုသာလျှင်။ အရိယော ဒဿနသမ္ပန္နောတိ= အရိယောဒဿန သမ္ပန္နော-ဟူ၍။ ဘဂဝတာ=မြတ်စွာဘုရားသည်။ ဝုတ္တော= ဟောတော် မူအပ်ပြီ။

**အရိယော ဒဿနသမ္ပန္နောတိ ဣဓ ဣမေသံ ယေဝ တိဏ္ဏံ ဌာနာနံ ကရဏေန အရိယော စေဝ ဒဿနသမ္ပန္နော စ ဝေဒိတဗ္ဗော။ န ဗုဒ္ဓါဒယော၊ န သောတာပန္နာ။** (အံ၊ဋ္ဌ၊၁၃၇။)

အရိယော ဒဿနသမ္ပန္နောတိ ဣဓ= အရိယော ဒဿနသမ္ပန္နော-ဟူသောဤပါဠ်၌။ တိဏ္ဏံ=ရက္ခန, ဝေါပန, ပဋိဇဂ္ဂနအားဖြင့်သုံးပါးကုန်သော။ ဣမေသံ-ဌာနာနံ= ဤအကြောင်းတို့ကို။ ကရဏေန=ပြုလုပ်ခြင်း ကြောင့်။ အရိယောစေဝ= မြင့်မြတ်သောပုဂ္ဂိုလ်ဟူ၍ လည်းကောင်း။ ဒဿနသမ္ပန္နောစ= ဉာဏ်အမြင်နှင့် ပြည့်စုံသူဟူ၍လည်းကောင်း။ ဝေဒိတဗ္ဗော= သိအပ်၏။ ဗုဒ္ဓါဒယော=ဘုရားရှင် အစရှိသော မြင့်မြတ်သော ပုဂ္ဂိုလ်တို့ကို။ အရိယာ= အရိယာပုဂ္ဂိုလ်တို့ဟူ၍။ န ဝေဒိတဗ္ဗာ= ဤသုတ်၌ မသိအပ်ကုန်။ သောတာပန္နာ=

သောတာပန်ပုဂ္ဂိုလ်တို့ကို။ ဒသသနသမ္ပန္နာ=ဒဿနသမ္ပန္န တို့ ဟူ၍။ နဝေဒိတဗ္ဗာ= ဤသုတ်၌ မသိအပ်ကုန်။

**"သာဓု သာဓု ဘိက္ခု ပေါရာဏကပဏ္ဍိတာနံ ဝံသံ ပါလေသိ။ ပေါရာဏကပဏ္ဍိတာ ဟိ တိရစ္ဆာန-ယောနိယံ နိဗ္ဗတ္တိတ္វာပိ မာတာပိတူနံ ဇီဝိတံ အဒံသူ"တိ။**

(ဓာ၊ဋ္ဌ၊၃။၂၅၅။)

ဘိက္ခု=ရဟန်း။ သာဓုသာဓု=ချီးမွမ်းဘွယ် တောင်း ကောင်းပါပေစွ, ချီးမွမ်းဘွယ်တောင်း ကောင်းပါ ပေစွ။ တွံ=သင်သည်။ ပေါရာဏကပဏ္ဍိတာနံ= ရှေး ပညာရှိတို့၏။ ဝံသံ= အနွယ်အဆက်(အစဉ်အလာ)ကို။ ပါလေသိ=စောင့်ရှောက်နိုင်ပါပေ၏။ ဟိ=မှန်၏။ ပေါရာဏကပဏ္ဍိတာ=ရှေးပညာရှိတို့သည်။ တိရစ္ဆာန-ယောနိယံ= တိရစ္ဆာန်ဖြစ်သော ဆင်မျိုး၌။ နိဗ္ဗတ္တာပိ= ဖြစ်ပင်ဖြစ်ရပါသော်လည်း။ မာတာပိတူနံ= အမိ အဘတို့အား။ ဇီဝိတံ=အသက်ကို။ အဒံသု=ပေးစွန့်တော် မူခဲ့ကုန်ပြီ။ ဣတိ=ဤသို့ မြတ်စွာဘုရားက မိန့်ကြား တော်မူပြီ။

**ဧကော ကိရ ဗာရာဏသိဝါသီ ရာမော နာမ မာတု ပေါသကော မာတာပိတရော ပဋိဇဂ္ဂန္တော ဝေါဟာရတ္ထာယ ဂတော ဒက္ခကိရညော ဝိဇိတေ**

**ကုမ္ဘဝတိနဂရံ ဂန္တွာ နဝဝိဓေန ဝသေန သကလရဋ္ဌေ ဝိနာသိယမာနေ မာတာပိတူနံ ဂုဏံ သရိ။ အထ နံ မာတုဥပဋ္ဌာနကမ္မဿ ဖလေန ဒေဝတာ သောတ္ထိနာ အာနယိတွာ မာတု အဒံသု။ တံ ကာရဏံ သုတ-ဝသေနာဟရိတွာ ဧဝမာဟ။** (ဇာ၄၅၂၀)

ကိရ=တစ်ဆင့်စကား ကြားသိရဖူးသည်ကား။ ဧကော= တစ်ယောက်သော။ ဗာရာဏသိဝါသီ= ကာသိနိုင်ငံ ဗာရာဏသီမြို့၌နေသော။ မာတုပေါသကော = မိခင်ကို ပြုစုလုပ်ကျွေးနေသော။ မာတာပိတရော= မိဘတို့ကို။ ပဋိဇဂ္ဂန္တော= ပြုစုလုပ်ကျွေးနေသော။ ရာမောနာမ=ရာမအမည်ရှိသော အမျိုးကောင်းသားသည်။ ဒဏ္ဍကိရညော= ဒဏ္ဍကီမင်း၏။ ဝိဇိတေ=နိုင်ငံတော်၌။ ဝေါဟာရတ္ထာယ= ဖောက်ကားရောင်းဝယ် ကုန်သွယ်ခြင်း အကျိုးငှာ။ ဂတော=သွားသည်။ သမာနော=ဖြစ်သည် ရှိသော်။ ကုမ္ဘဝတိနဂရံ=ကုမ္ဘဝတီမြို့တော်သို့။ ဂန္တွာ= သွား၍။ နဝဝိဓေန=ကိုးမျိုးအပြားရှိသော။ ဝသေန= လက်နက်မိုးကြောင့်။ သကလရဋ္ဌေ=တစ်နိုင်ငံလုံးသည်။ ဝိနာသိယမာနေ= ပျက်စီးသည်ရှိသော်။ မာတာပိတူနံ= မိဘနှစ်ပါးတို့၏။ ဂုဏံ= မိမိအပေါ်ပြုဖူးသည့်ဂုဏ်ကျေး ဇူးကို။ သရိ=အောက်မေ့နေပြီ။ အထ=မိဘတို့၏ ဂုဏ်ကျေးဇူးကို သတိရအောက်မေ့နေရာ ထိုအခါ၌။ နံ=

ထိုရာမ အမျိုးကောင်းသားကို။ မာတုဥပဋ္ဌာန ကမ္မဿ= အမိကိုပြုစုလုပ်ကျွေးနေသော ကုသိုလ်ကံ၏။ ဖလေန= အကျိုးကြောင့်။ ဒေဝတာ=နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့သည်။ သောတ္ထိနာ=ဘေးရန်ကင်းကွာ ချမ်းသာစွာ။ အာနယိတွာ= ဆောင်ယူလာကြကုန်၍။ မာတု= အမိအား။ အဒံသု=ပေးကြကုန်ပြီ။ တံ ကာရဏံ= ထိုအကြောင်းကို။ သုတဝသေန= ကြားဖူးခြင်းအစွမ်းအား ဖြင့်။ အာဟရိတွာ= ဆောင်၍။ ဇဝံ=ဤသို့။ အာဟ ကိရ= ပြောဆိုသတဲ့။

"ကိံ ပန တေ ဟောန္တိ"တိ ပုဋ္ဌော "မာတာ-ပိတရော မေ ဘန္တေ"တိ ဝုတ္တေ "သာဓု သာဓူ"တိ တဿ သာဓုကာရံ ဒတွာ "မာ ဘိက္ခဝေ ဣမံ ဘိက္ခုံ ဥဇ္ဈာယိတ္ထ၊ ပေါရာဏကပဏ္ဍိတာပိ ဂုဏဝသေန အညာတကာနမ္ပိ ဥပကာရံ အကံသု။ ဣမဿ ပန မာတာပိတူနံ ဥပကာရကရဏံ ဘာရောယေဝါ"တိ။

(ဇာဋ္ဌ၊၂။၄၅။)

"ဘိက္ခူ=ရဟန်း။ တေ မနုဿာ=ထိုလူတို့သည်။ တေ= သင်နှင့်။ ကိံ ပန ဟောန္တိ= အဘယ်သို့တော်စပ်ကြ ကုန်သနည်း။ ဣတိ=ဤသို့။ ပုဋ္ဌော=ဘုရားရှင်က မေးတော်မူသည်ရှိသော်။ ဘန္တေ=မြတ်စွာဘုရား။ တေ မနုဿာ=ထိုလူတို့သည်။ မေ=တပည့်တော်၏။

မာတာပိတရော= မိဘနှစ်ပါးတို့ပါဘုရား။ ဣတိ=ဤသို့။ ဝုတ္တေ=ရဟန်းငယ်က လျှောက်ထားအပ်သည်ရှိသော်။ ဘိက္ခူ=ချစ်သားရဟန်း။ သာဓု သာဓု=ချီးမွမ်းဘွယ်တောင်း ကောင်းပါပေစွ၊ ချီးမွမ်းဘွယ်တောင်း ကောင်းပါပေစွ။ ဣတိ=ဤသို့။ တဿ= ထို မိဘကို ပြုစုလုပ်ကျွေး နေသော ရဟန်းငယ်အား။ သာဓုကာရံ= ကောင်းပေစွဟု ပြုအပ်သောအသံတော်ကို။ ဝါ၊ ကောင်းချီးနှမော်ကို။ ဒတွာ=ပေးတော်မူပြီး၍။ ဘိက္ခဝေ=ရဟန်းတို့။ ဣမံ ဘိက္ခုံ= မိဘကို ပြုစုလုပ်ကျွေးနေသော ဤရဟန်းကို။ မာ ဥဇ္ဈာယိတ္ထ= မကဲ့ရဲ့ကြကုန်လင့်။ ပေါရာဏာ= ရှေးကာလ၌ ဖြစ်ခဲ့ကြကုန်သော။ ပဏ္ဍိတာ= ပညာရှိတို့ သည်လည်း။ ဂုဏဝသေန= ကျေးဇူးဂုဏ်၏ အစွမ်းအား ဖြင့်။ အညာတကာနမ္ပိ= ဆွေမျိုးမတော်စပ်သော ပုဂ္ဂိုလ် တို့အားသော်လည်း။ ဥပကာရံ= ကျေးဇူးပြုခြင်းကို။ အကံသု=ပြုခဲ့ကြဘူးကုန်ပြီ။ ပန=စင်စစ်သော်ကား။ မာတာပိတူနံ= မိဘနှစ်ပါးတို့အား။ ဥပကာရကရဏံ= ကျေးဇူးဆပ်မှုကိုပြုခြင်းသည်။ ဣမဿ= ဤရဟန်း၏။ ဘာရောယေဝ=တာဝန်ဝတ္တရားပေတည်း။ ဣတိ=ဤသို့။ အဝေါစ= ချီးကျူးစကား မိန့်ကြားတော်မူပြီ။

**သတ္ထာ ပန "ပဗ္ဗဇိတောဝ သမာနော ပဋ္ဌိဇဂ္ဂိတော ဥပကာရကော မာတာပိတူန"န္တိ ဝဒတိ။** (ဇာ၊ဋ္ဌ၊၆။၈၇။)

သတ္ထာ= မြတ်စွာဘုရားသည်။ ပဗ္ဗဇိတော= ရဟန်းပြုသူသည်။ သမာနော၀= ဖြစ်လျက်သာလျှင်။ (ပဗ္ဗဇိတော-သမာနော၀=ရဟန်းပြုနေလျက်သာလျှင်။) မာတာပိတူနံ= မိဘတို့အား။ ပဋ္ဌိဇဂ္ဂိတော= ပြုစုလုပ်ကျွေးအပ်၏။ ဥပကာရကော= ကျေးဇူးတုံ့ပြန် ဆပ်နိုင်၏။ ဣတိ=ဤသို့။ ၀ဒတိ=ခွင့်ပြုစကား မိန့်ကြားတော်မူ၏။

**''မာတာပိတရော မေ ဘန္တေ'တိ ၀ုတ္တေ သတ္ထာ တဿ ဥဿာဟံ ဇနေတုံ ''သာဓု သာဓု ဘိက္ခူ''တိ တိက္ခတ္တုံ သာဓုကာရံ ဒတွာ 'တွံ မမ ဂတမဂ္ဂေ ဋ္ဌိတော၊ အဟမ္ပိ ပုဗ္ဗစရိယံ စရန္တော မာတာပိတရော ပေါသေသိ''န္တိ အာဟ။** (ဇာ၊ဋ္ဌ၊၉။၈၉။)

ဘန္တေ=မြတ်စွာဘုရား။ တေ မနုဿာ=ထိုလူတို့သည်။ မေ=တပည့်တော်၏။ မာတာပိတရော= မိဘတို့ပါဘုရား။ ဣတိ=ဤသို့။ ၀ုတ္တေ=ရဟန်းငယ်က လျှောက်ထား အပ်သည်ရှိသော်။ သတ္ထာ=မြတ်စွာဘုရားသည်။ တဿ= ထို မိဘတို့ကို ပြုစုလုပ်ကျွေးနေသော ရဟန်းငယ်အား။ ဥဿာဟံ= အားထုတ်မှုလုံ့လကို။ ဇနေတုံ= ဖြစ်စေခြင်းငှာ။ ဘိက္ခု=ရဟန်း၊ သာဓု သာဓု= ချီးမွမ်းဘွယ်တောင်း ကောင်းပါပေစွ၊ ချီးမွမ်းဘွယ် တောင်း ကောင်းပါပေစွ။ ဣတိ=ဤသို့။ တိက္ခတ္တုံ=

သုံးကြိမ်သုံးခါ။ သာဓုကာရံ ဒတွာ=ကောင်းချီးပေး တော်မူပြီး၍။ တွံ=သင်သည်။ မမ=ငါဘုရား၏။ ဂတမဂ္ဂေ= သွားရာလမ်းကြောင်း၌။ ဋ္ဌိတော=တည်နေသူ ပေတည်း။ အဟမ္ပိ= ငါဘုရားသည်လည်း။ ပုဗ္ဗစရိယံ= ငါဘုရားမဖြစ်မီ ရှေးကာလ၌ ပြုကျင့်အပ်သော ပါရမီသုံးဆယ် သုံးသွယ်စရိယ စာဂငါးခု မြတ်ကောင်းမှု အကျင့်ကို။ စရန္တော=ဖြည့်ကျင့်တော်မူနေစဉ်။ မာတာပိတရော= မိဘတို့ကို။ ပေါသေသိ=လုပ်ကျွေး ပြုစုမွေးမြူခဲ့လေပြီ။ ဣတိ=ဤသို့။ အာဟ=ချီးမွမ်း စကား မိန့်ကြားတော်မူပြီ။

**တံ သုတွာ ရာဇာ 'အစ္ဆရိယံ ဝတ ဘော မာတာပေတ္တိဘရဿ ဇန္တုနော ဥပ္ပန္နရောဂံ ဒေဝတာပိ တိကိစ္ဆန္တိ၊ အတိဝိယ အယံ သာမော သောဘတီ''တိ အဉ္စလိံ ပဂ္ဂယှ ယာစန္တော အာဟ။** (ဇာ၊ဋ္ဌ၊၆။၁၁၅။)

ရာဇာ= ပီဠိယက္ခမင်းသည်။ တံ ဝစနံ=ထို ဒုကူလ,ပါရိကတို့ ပြောကြားသော သစ္စာစကားကို။ သုတွာ= ကြားသိရသည်ရှိသော်။ ဘော=အို အချင်းတို့။ အစ္ဆရိယံဝတ= ရှေးကမဖြစ်စဖူး ယခုမှ အသစ်အထူးဖြစ် ပါပေစွ။ မာတာပေတ္တိဘရဿ= မိဘနှစ်ပါးကို ပြုစုလုပ် ကျွေးနေသော။ ဇန္တုနော= သုဝဏ္ဏသာမအား။ ဥပ္ပန္န- ရောဂံ= ဖြစ်ပေါ်နေသော မြားဆိပ်တက်နေသော ရောဂါ

ဝေဒနာကို။ ဒေဝတာပိ=နတ်ကောင်း နတ်မြတ်တို့သော်မှလည်း။ တိကိစ္ဆန္တိ=ရောဂါပျောက်ရေး ဆေးကုပေးကြပါပေကုန်၏။ အယံ သာမော= ဤသုဝဏ္ဏသာမ အမျိုးကောင်းသားသည်။ အတိဝိယ= အလွန်အကဲသာလျှင်။ သောဘတိ=တင့်တယ်လှပါပေစွ။ ဣတိ= ဤသို့။ အဉ္ဇလိပဂ္ဂယှ=လက်အုပ်ချီ၍။ ယာစန္တော= တောင်းပန်လျက်။ အာဟ=ပြောဆိုလေပြီ။

**သတ္ထာ ဣဒံ ဓမ္မဒေသနံ အာဟရိတွာ "ဘိက္ခဝေ မာတာပိတူနံ ပေါသနံ နာမ ပဏ္ဍိတာနံ ဝံသော"တိ။**

(ဇာ၊ဌ၊၆။၁၁၇)

သတ္ထာ=မြတ်စွာဘုရားသည်။ ဣဒံ ဓမ္မဒေသနံ= ဤသုဝဏ္ဏသာမ ဇာတကဒေသနာတော်ကို။ အာဟရိတွာ= ထုတ်ဆောင်ဟောကြားတော်မူပြီး၍။ ဘိက္ခဝေ= ရဟန်းတို့။ မာတာပိတူနံ= မိဘတို့အား။ ပေါသနံ နာမ= ကျွေးမွေးပြုစုခြင်းမည်သည်ကား။ ပဏ္ဍိတာနံ=ကြောင်းကျိုးမြင်သိ ပညာရှိတို့၏။ ဝံသောတိ= အနွယ်အဆက် အစဉ်အလာပေးတည်း-ဟု မိန့်ကြားတော်မူ၏။

**တဒါ ပန သတ္ထာ "မာ ဘိက္ခဝေ ဣမံ ဘိက္ခုံ ဥဇ္ဈာယိတ္ထ၊ ပေါရာဏကပဏ္ဍိတာ သကလဇမ္ဗုဒီပေ ရဇ္ဇံ လဘိမာနာပိ တံ အဂ္ဂဟေတွာ မာတာပိတရော ပေါသိံသုယေဝါ"တိ။** (ဇာ၊ဋ္ဌ၊၅။၃၃၁။)

တဒါပနေ= ရဟန်းတော်တို့ လျှောက်ထားကြရာ ထိုအခါ၌မှာမူကား။ သတ္ထာ=မြတ်စွာဘုရားသည်။ ဘိက္ခဝေ= ရဟန်းတို့။ ဣမံ ဘိက္ခုံ= မိဘနှစ်ပါးကို ပြုစုလုပ်ကျွေးနေသော ဤရဟန်းကို။ မာဥဇ္ဈာယိတ္ထ= မကဲ့ရဲ့ကြကုန်လင့်။ ပေါရာဏကပဏ္ဍိတာ= ရှေးပညာရှိတို့သည်။ သကလဇမ္ဗူဒီပေ=ဇမ္ဗူဒီပါ တစ်ကျွန်းလုံး၌။ ရဇ္ဇံ= မင်းအဖြစ်ကို။ လဘမာနာပိ= ရပင် ရရှိပါသော်လည်း။ တံ= ထိုဇမ္ဗူဒိပ်ကျွန်းလုံး၌ မင်းအဖြစ်ကို။ အဂ္ဂဟေတွာ=လက်ခံသိမ်းပိုက် မယူကြကုန်မူ၍။ မာတာပိတရော= မိဘနှစ်ပါးတို့ကို။ ပေါသိံသုယေဝါတိ= ပြုစုလုပ်ကျွေးကြဘူးကုန်ပြီ'ဟု မိန့်ကြားတော်မူပြီ။

အံ့လောက်စရာ၊ မိမာတာနှင့်
ပိတာအဖ၊ မြတ်ဂုဏအား
ဆပ်ဖြွားပါလို့၊ မိကိုလက်ျာ
ဖ,မှာလက်ဝဲ၊ အမြဲထမ်းလျက်
ပခုံးထက်တွင်
သို့ပင်နိစ္စ၊ လုပ်ကျွေးကြလည်း
ရှေးကပြုဖူး၊ မွေးကျေးဇူးကို
အထူးမြဲခိုင်၊ မဆပ်နိုင်တည့် ...။

(ပုဏ္ဏောဝါဒပျို့)



Graphic Design by Shwemyay-Nanda